
# ပါရဂူ

တာပေခရီးသည်



ခရီးသွားမှတ်တမ်း ရေးရာ၌ "ခရီး" ထက် "ခရီးသည်" ကပိုပြီး
ရှေ့တန်းမထွက်ဖို့ လိုသည်။ ခရီးသည်သည် မိမိကိုယ်ကို မှောင်ကွယ်တွင်
ထားသင့်သည်။ လူမြင်ကွင်းတွင် မကြာခဏ ထွက်ရပ် မပြသင့်ပေ။
မိမိကိုယ်ကို မကျိုင်းထားပြီး ရေးရမည်ဖြစ်သော်လည်း မိမိကိုယ်ကို
အဓိက အခန်းက ပါမသွားအောင် သတိပြုရမည်။
ယင်းသို့မဟုတ်ပါက "ခရီးသည်" ၏ အခန်းက အဓိကဖြစ်နေပြီး
"ခရီး" ၏ အခန်းက သာမည ဖြစ်နေလိမ့်မည်။
"ခရီးသည်" ၏ အကြောင်းက တောက်ပြောင်နေပြီး
"ခရီး" ၏ အကြောင်းက မှေးမှိန်နေလိမ့်မည်။

ဤစာအုပ်တွင်ပါဝင်သော ခရီးသွားမှတ်တမ်းများသည် လွန်ခဲ့သော
နှစ်အတန်ကြာ ကာလက ရေးထားသော စာများဖြစ်၍ စာဖတ်သူသည်
ဤစာအုပ်ကို ဖတ်ရင်း ခဏ၌ မိမိ၏ အာရုံကို အတိတ်ကာလဆီသို့
ပို့ထားဖို့ လိုလိမ့်မည် ထင်သည်။

# ပါရဂူ

## စာပေခရီးသည်

PYG0041
3,500.00 KS

mgyoe.com

စာပေခရီးသည်၊ ပါရဂူ
စာမျက်နှာ ၂၇၃++ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၈ မုံရွေးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စာပေခရီးသည်

## ပါရဂူ

ဒုတိယအကြိမ်၊ ၂၀၀၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | အမှာစကား | က |
| ၁။ | ပေပင်သည် ဤဒေသ၏ သင်္ကေတလား | ၁ |
| ၂။ | အနိ နှင့် အဝါ | ၇ |
| ၃။ | အုဍ၏ မွေးရပ်မြေ | ၁၄ |
| ၄။ | နေရောင်ထဲက ပိုးစုန်းကြူး | ၂၄ |
| ၅။ | ရွှေတောင် သို့မဟုတ် ဗာရာဏသီ | ၃၂ |
| ၆။ | နိဗ္ဗိန္ဒနှင့် ဆင်ခြင် | ၄၇ |
| ၇။ | ပြည်တွင်းဖြစ် နိုင်ငံခြားအရက် | ၅၇ |
| ၈။ | ဒယ်အိုးနှုတ်ခမ်းပေါ်မှာ တစ်ညတာ | ၆၆ |
| ၉။ | လားရှိုးနှင့် ရာဇဂြိုဟ် | ၇၃ |
| ၁၀။ | ပဒေသရာဇ်၏ သင်္ကေတ | ၈၁ |
| ၁၁။ | ပါရဂူလေးဦးလာမယ် | ၈၇ |
| ၁၂။ | နောင်ပိန် | ၉၃ |
| ၁၃။ | ဆရာစံ၏ ဘဝတစ်ကွေ့ | ၁၀၁ |
| ၁၄။ | ရတနာသိင်္ဂီ | ၁၀၇ |
| ၁၅။ | ခရီး၏အဆုံး ခရီး၏အစ | ၁၁၄ |
| ၁၆။ | ဖိုးတုတ်နှင့် စာဆိုပွဲ | ၁၂၁ |


mgyoe.com

mgyoe.com

၁၇။ သာလဝေါ ၁၃၀
၁၈။ မိုးပြိုခဲ့သော် ၁၃၉
၁၉။ ပုဂံအလှ ၁၄၅
၂၀။ ဧရာဝတီမြစ်ကမ်းက အကြီးဆုံးစာအုပ် ၁၅၅
၂၁။ ခေတ်မီသော်လည်း ခေတ်ရေစီးကြောင်းထဲ မျှောမလိုက်သူ ၁၆၂
၂၂။ မှောင်ထဲကမြို့ ၁၇၃
၂၃။ လက်မှတ်ပြဿနာ ၁၈၂
၂၄။ ကတွက်ပေါက်ကို မြက်ပင်ဖြင့်ပိတ်ခြင်း ၁၉၂
၂၅။ ရှုရိခေတ္တရာ ၂၀၁
၂၆။ ဓားနှင့်တရား ၂၀၉
၂၇။ အဏ္ဏဝါရေပြင်၌ ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးခြင်း ၂၁၉
၂၈။ ဟသ်ာတ သို့မဟုတ် အောင်လံမြို့ ၂၂၉
၂၉။ နန်းသီဒါမှ ထန်းတောရိပ်သို့ ၂၃၄
၃၀။ ကျွန်တော် ယစ်မျိုးအရာရှိ ၂၄၅
၃၁။ ညောင်ပင်အောက်က ကျောက်ပြင်နှင့် သနပ်ခါးတုံး ၂၅၀
၃၂။ မိန်းမလည်း လူ ၂၅၆
၃၃။ ပင်းတယ ၂၆၀
၃၄။ လှော်ကားကန် ၂၆၅
၃၅။ ရထားခရီးသည် ၂၇၀


▢

mgyoe.com

mgyoe.com

## အမှာစကား

ခရီးသွားလာခြင်းသည် လူ၏ ပင်ကိုဓလေ့စရိုက် ဖြစ်သည်။ လူ့သမိုင်းသည် လူ၏ ခရီးလှည့်လည်သွားလာခြင်း ဓလေ့စရိုက်နှင့် အစပြုခဲ့သည်။ လူသမိုင်း၏အစ၌ လူသည် တစ်နေရာတည်း၌ ခြေတိုင်စိုက်မနေပေ။ ခြေသလုံးအိမ်တိုင်ဘဝနှင့် တစ်နေရာမှ တစ်နေရာသို့ သွားလာနေသည်။ ရေကြည်ရာမြက်နုရာသို့ ရွှေ့လျားနေသည်။ သမိုင်းအစ၌ ရှောင်လွှဲ၍မဖြစ်သော လူ၏ ယင်းခရီးလှည့်လည်သွားလာခြင်းသည် နောက်ပိုင်းကျသောအခါ ဖွံ့ဖြိုးတိုးတက်လာသည်။

လူသည် မမြင်ဖူးသည့်အရာကို မြင်ချင်သည်။ မကြားဖူးသည့်အရာကို ကြားချင်သည်။ မရောက်ဖူးသည့်နေရာကို ရောက်ချင်သည်။ မခံစားဖူးသည့်အရာကို ခံစားချင်သည်။ ယင်းစိတ်ဓာတ်သည် လူအား ခရီးသည်ဖြစ်အောင် ဖန်တီးပေးသည်။ မိမိ၏ မျက်မှောက်ဝန်းကျင်ရှိ အာရုံများနှင့် ကွဲပြားခြားနားသည့် အာရုံများကို တွေ့ကြုံခံစားလိုသောအခါ လူသည် မိမိ၏ ပတ်ဝန်းကျင်အပြင်ဘက် ထွက်သည်။ ထိုအခါ ခရီးသည် ဖြစ်လာသည်။ မိမိပတ်ဝန်းကျင်နှင့်မတူသော ပတ်ဝန်းကျင်၊ မိမိတိုင်းပြည်နှင့်မတူသော တိုင်းပြည်၊ မိမိဒေသနှင့် မတူသောဒေသ၊ မိမိလူမျိုးနှင့် မတူသောလူမျိုး၊ မိမိဓလေ့နှင့်မတူသော ဓလေ့ထုံးစံ၊ မိမိယဉ်ကျေးမှုနှင့်မတူသော ယဉ်ကျေးမှု၊ ယင်းသို့အားဖြင့် မိမိမတွေ့ဖူးသည့် အရာများသည် လူအား ခရီးသွားအောင် စေ

mgyoe.com

mgyoe.com
ဆောင်နေကြသည်။ တစ်နယ်နှင့်တစ်နယ်၊ တစ်တိုင်းပြည်နှင့်တစ်တိုင်းပြည်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆက်သွယ်မှုများ ပြားလာသောအခါ ခရီးသွားသည့် အလေ့အထ ပိုမိုများပြားလာသည်။ ယင်းသို့အားဖြင့် သမိုင်းခေတ်ဦးကစ၍ မျက်မှောက်ခေတ်အချိန်ကာလအထိ လူတို့သည် ခရီးတသွားတည်း သွားခဲ့ကြသည်။

မျက်မှောက်ခေတ် မဟာခရီးသည်ကြီးတစ်ဦးဖြစ်သော ရာဟုလာသံ ကိစ္စည်းသည် သူ၏ဘဝတစ်သက်တာ၌ သူကိုယ်တိုင်လည်း အဆက်မပြတ် ခရီးသွားခဲ့သည်။ 'ဃူမက္ကရသ္ဘတ္တရ' အမည်ရှိသော စာအုပ်ကို ရေးသားလျက် ခရီးလှည့်လည်သွားလာခြင်းသည် လူ၏ မြင့်မြတ်သော ကျင့်ဝတ်တစ်ခု ဖြစ်သည်ဟူ၍ ခရီးလှည့်လည်သွားလာခြင်းကို ဂုဏ်ပြုအမွှမ်းတင်ထားသည့် အပြင် ခရီးလှည့်ပယည်သွားလာကြရန်လည်း အားပေးလှုံ့ဆော်ထားသည်။

ခေတ်ဟောင်းခေတ်သစ် ခရီးသည်များထဲတွင် ရာဟုလာသံကိစ္စည်း ကဲ့သို့သော ကလောင်ကိုင်ပုဂ္ဂိုလ်များ ပါဝင်လာသောအခါ ခရီးသွားမှတ်တမ်း စာပေဟူသော စာပေအမျိုးအစားတစ်ရပ် ပေါ်ပေါက်လာသည်။ ကလောင် ကိုင် ခရီးသည်များသည် မိမိတို့၏ ခရီးအကြောင်းကို ရေးသားမှတ်တမ်း တင်ထားကြသည်။ ခရီးအကြောင်းကို ရေးသားမှတ်တင်ထားသည့်စာကို **'ခရီးသွားမှတ်တမ်းစာပေ'** ဟု ခေါ်နိုင်သည်။

၅ ရာစုနှစ်က တရုတ်မဟာခရီးသည် ဖာဟီယန်သည် အိန္ဒိယသို့ အသက်ဆံဖျား စွန့်စားသွားရောက်ခဲ့သည်။ တရုတ်မဟာခရီးသည်သည် သူ၏ခရီးကို မှတ်တမ်းတင်ထားသည်။ ယင်းမှတ်တမ်းသည် ခရီးသွား မှတ်တမ်းစာပေ၏ အရဏ်ဦးဟု ဆိုနိုင်သည်။ ရှေးခေတ်မှသည် ယခုခေတ် အထိ ခရီးသည်များသည် ဥဒဟို ခရီးသွားလာနေကြသည်။ သို့ရာတွင် မိမိတို့၏ခရီးကို မှတ်တမ်းတင်ထားသူများမှာ အလွန်တရာ အရေအတွက် နည်းသည်။ ဖာဟီယန်ခေတ်ဝန်းကျင်လောက်က တရုတ်ပြည်မှ အိန္ဒိယ သွားသူများသည်လည်းကောင်း၊ အိန္ဒိယမှ တရုတ်ပြည်သွားသူများသည် လည်းကောင်း အများအပြားရှိကြသည်။ သို့ရာတွင် မိမိတို့၏ခရီးကို မှတ်တမ်းရေးသားခဲ့သူများမှာမူ တစ်ဦးစနှစ်ဦးစလောက်သာ ရှိသည်။ ဖာဟီယန်နှင့် အခြားတရုတ်ရဟန်းနှစ်ပါး၏ခရီးစဉ် မှတ်တမ်းများသာ
mgyoe.com

mgyoe.com

ယခုအခါ ထင်ထင်ရှားရှားရှိသည်။ မှတ်တမ်းရေးရန်အတွက်မှာမူ အလေ့အထနှင့် အထုံဝါသနာရှိဖို့လည်း လိုအပ်သည်။

ကမ္ဘာ့အစွန်အဖျား စွန့်စားသွားရောက်သူ အများအပြား ရှိကြသည့်အထဲက ၁၃ ရာစု ကမ္ဘာလှည့်ခရီးသည်ကြီး မာကိုပိုလိုသည် ကမ္ဘာတစ်ခွင်လှည့်လည်သွားလာခဲ့သော သူ၏ခရီးကို မှတ်တမ်းတင်ထားသည်။ သူ၏ခရီးစဉ်မှတ်တမ်းသည် တရုတ်ခရီးသည် ဖာဟီယန်တို့၏ မှတ်တမ်းကဲ့သို့ပင် ကမ္ဘာ့စာပေလောကက အသိအမှတ်ပြုရသည့် မှတ်တမ်းတစ်ခုဖြစ်သည်။ ၁၉ ရာစုနှစ် ကမ္ဘာ့ခရီးသည်တစ်ဦးဖြစ်သော ဆင်မြူရယ်ဘောကာသည်လည်း ခရီးစဉ်မှတ်တမ်း ရေးသားထားသည်။ 'အီစ မေလီယာ'[၁] အမည်ရှိသူ၏ခရီးစဉ်မှတ်တမ်းသည် အတွဲ ၅ တွဲရှိသည်။ ဆာရစ်ချတ်ဖရန်စစ်ဘာတန် (၁၈၂၁–၁၈၉၀)သည် ကမ္ဘာလှည့်ခရီးသည်တစ်ဦးဖြစ်သည့်အပြင် စာပေပညာရှင်တစ်ဦးလည်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် 'အာရပ်၏ညဉ့်များ'[၂] နှင့် ပေါ်တူဂီမဟာကဗျာ 'လုစီယက်'[၃] ကို ဘာသာပြန်သည့်အပြင် ခရီးသွားမှတ်တမ်းကိုလည်း ရေးသားသည်။

အနောက်အာဖရိကသို့ ဦးစွာ စွန့်စားသွားရောက်သူသည် မန်ဂိုပါ့က်(၁၇၇၁–၁၈၀၆) ဖြစ်သည်။ ထိုပုဂ္ဂိုလ်လည်း သူ၏ခရီးစဉ်အကြောင်းကို ရေးသားမှတ်တမ်းတင်ထားသည်။ မြောက်ဝင်ရိုးစွန်းသို့ ပထမဦးဆုံး သွားရောက်ခဲ့သော ရောဘတ်အက်ဒွင်ပိယာရီသည် မြောက်ဝင်ရိုးစွန်းအတွေ့အကြုံကို စိတ်ပါဝင်စားဖွယ် ရေးသားထားသည်။ အာဖရိကသို့ စွန့်စားသွားရောက်သူ ဆာဟင်နရီမာတန် စတန်လီ (၁၈၄၀–၁၉၀၄) သည်လည်း 'အမှောင်ဆုံး အာဖရိကဉ္စ'[၄] အမည်ရှိ ခရီးသွားမှတ်တမ်းကို ရေးသားထားသည်။

မဟာခရီးသည်ကြီး ရာဟုလာသံကိစ္စည်းသည် သူသွားရောက်ခဲ့သည့်နိုင်ငံအတော်များများ၏အကြောင်း၊ ခရီးစဉ်မှတ်တမ်း စာအုပ်များစွာကို

---

၁။ Ismailia

၂။ Arabian Nights

၃။ Lusiad

၄။ In The Darkest Africa

mgyoe.com

mgyoe.com
ရေးသားထားသည့်အပြင် ဘဝခရီးသည်တစ်ဦး၏ အတ္ထုပ္ပတ္တိအဖြစ် 'ကျွန်ုပ်၏ ဘဝခရီး' အမည်ရှိ စာအုပ်များကိုလည်း အတွဲလေးငါးတွဲ ရေးသားထားသည်။

ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံကို ကမ္ဘာ့ခရီးသည်များ အလွန်တရာ စိတ်ပါဝင်စားကြသည်။ အိန္ဒိယနိုင်ငံသို့ သွားရောက်ကြသော ခရီးသည်များထဲတွင် ကလောင်ကိုင်ခရီးသည်များ ပါလာသောအခါ မိမိတို့၏ ခရီးအကြောင်း မှတ်တမ်းတင်စာအုပ်များကို ရေးကြသည်။ ယင်းစာအုပ်များ ထဲတွင် ဩစတြေးလျအမျိုးသမီး M.B.Byles ရေးသော ခရီးသွားမှတ်တမ်း စာအုပ် 'ကြာနှင့်ရဟတ်'[၁] အမည်ရှိ စာအုပ်သည် ထင်ရှားသော စာအုပ်တစ်အုပ် ဖြစ်သည်။ ဘိုင်လက်သည် မြန်မာနိုင်ငံသို့လည်း ရောက်လာဖူး၍ မြန်မာနိုင်ငံ ခရီးအကြောင်းကိုလည်း 'စာအုပ်တစ်အုပ်'[၂] ရေးသားထားသည်။

မြန်မာနိုင်ငံတွင် ခရီးသွားမှတ်တမ်းရေးသည့် အလေ့အထ မည်သည့် အချိန်က စခဲ့သနည်း။

ပုဂံခေတ် ဘုရင်နရပတိစည်သူလက်ထက်၌ သဒ္ဒနီတိကျမ်းပြုဆရာ အဂ္ဂဝံသမထေရ်၏ ဆရာ့ဆရာဖြစ်သော မဟာအဂ္ဂပဏ္ဍိတမထေရ်သည် သက်တော် ၃၇နှစ်အရွယ်တွင် မဟာဗောဓိသို့ ကြွသည်။ ပုဂံမြို့ သရဝဏ (သရဖာ) တံခါးအနောက်ဘက်ဂူ၌ ပါဠိဘာသာဖြင့် ရေးထိုးထားသော ကျောက်စာသည် မဟာအဂ္ဂပဏ္ဍိတမထေရ် မဟာဗောဓိကြွသည့်အကြောင်း ရေးထိုးထားသော ကျောက်စာဖြစ်သည်။ ထို့ပြင် ဒိသာပါမောက္ခ ကျောက်စာ သည်လည်း နရသီဟပတေ့မင်းလက်ထက် တရုတ်ပြည်သို့ ငြိမ်းချမ်းရေး ကိစ္စနှင့် ကြွရောက်သော ဒိသာပါမောက္ခဆရာတော်၏အကြောင်းကို ရေးထိုး ထားသည့် ကျောက်စာဖြစ်သည်။ ယင်းကျောက်စာများသည် တစ်ရပ် တစ်ကျေး ခရီးသွားသည့်အကြောင်း ဖော်ပြထားသည်ဖြစ်၍ မြန်မာနိုင်ငံ ခရီးသွားမှတ်တမ်းစာပေ၏ မျိုးစေ့ဗီဇဟုဆိုလျှင် မှားမည်မဟုတ်ပေ။

အင်းဝခေတ်စာဆိုများ ရေးသားဖွဲ့ဆိုသည့် တောလားကဗျာများသည် ခရီးတစ်လျှောက်က တောတောင်ရေမြေ သဘာဝကို ရေးသားဖော်ပြထားသည်

၁။ The Lotus and Spinning Wheel

၂။ Journey into Burmese silence

mgyoe.com

mgyoe.com



ဖြစ်၍ မြန်မာခရီးသွားမှတ်တမ်းစာပေ၏ အရှေ့ဦးရောင်ခြည်ဟု ဆိုထိုက်သည်။ ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလားမှာ ယင်းကဲ့သို့ ကဗျာအဖွဲ့မျိုး ဖြစ်သည်။

ဘကြီးတော်လက်ထက်တွင် မင်းကြီးမဟာစည်သူ ဦးရွှဲခေါင်းဆောင်သော သံအဖွဲ့တစ်ဖွဲ့ အိန္ဒိယသို့သွားသည်။ ယင်းအဖွဲ့ မြန်မာပြည်ပြန်ရောက်သောအခါ အိန္ဒိယခရီးစဉ်ကို မှတ်တမ်းတင်သည့်အနေဖြင့် *'ဗင်္ဂလားသွားမှတ်တမ်း'* သို့မဟုတ် *'မဟာဗောဓိသွားစာတမ်း'* အမည်ဖြင့် ခရီးသွားမှတ်တမ်းတစ်ခု ရေးသားပြုစုသည်။ ယင်းမှတ်တမ်း၌ အိန္ဒိယခရီးစဉ်အကြောင်း စုံစုံလင်လင် ရေးသားထားသည်ကို တွေ့ရသည်။

သံကိုယ်စားလှယ်အဖြစ် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံ သွားရောက်ခဲ့သော ကင်းဝန်မင်းကြီးသည် အင်္ဂလန်ခရီးနှင့် ပြင်သစ်ခရီးကို မှတ်တမ်းတင်ထားသည်။ ပြင်သစ်မှအပြန် အိန္ဒိယဖြတ်ပြန်လာခဲ့သည်ဖြစ်၍ သူ၏ ခရီးစဉ်မှတ်တမ်း၌ အိန္ဒိယအကြောင်းကိုလည်း ထည့်သွင်းရေးသားထားသည်။

ကဝိလက္ခဏာဒီပနီကျမ်းပြုဦးခြိမ့်သည် ကင်းဝန်မင်းကြီး၏ အင်္ဂလန်နိုင်ငံခရီး၌လည်းကောင်း၊ ပြင်သစ်နိုင်ငံခရီး၌လည်းကောင်း စာရေးတော်ကြီးအရာ သံငယ်၊ သံလတ်အဖြစ် လိုက်ပါသွားရသည်။ ဣတလီ၊ စပိန်၊ ပေါ်တူဂီနိုင်ငံများတွင်လည်း သံတော်ကြီးအရာဖြင့် သွားရောက်အမှုထမ်းခဲ့သည်။ ဦးခြိမ့်လည်း နိုင်ငံခြားအတွေ့အကြုံများကို မှတ်တမ်းရေးထားသည်။

၁၈၇၇ ခုနှစ်တွင် ရွှေကျင်ဆရာတော်ကြီးသည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) သို့ ကြွတော်မူသည်။ မြန်မာပြည် ပြန်လာသောအခါ ပါဠိဘာသာဖြင့် 'လင်္ကာသာသန သုဒ္ဓိကထာ' အမည်ရှိကျမ်းကို ရေးသားသည်။ ယင်းကျမ်း၌ ဆရာတော်ကြီးသည် သီဟိုဠ်ခရီးအကြောင်း ထည့်သွင်းရေးထားသည်။ ဒွါရဂိုဏ်းချုပ် အုတ်ဖိုဆရာတော်ကြီးသည် ၁၈၈၀ ခုနှစ်တွင် အိန္ဒိယပြည် မဟာဗောဓိသို့လည်းကောင်း၊ ၁၈၈၇ ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့လည်းကောင်း ကြွတော်မူသည်။ ဆရာတော်ကြီးလည်း အိန္ဒိယခရီး၏ အသီးအပွင့်အဖြစ် *'ဗောဓိသျှောင်ရတု'* ကိုလည်းကောင်း၊ သီဟိုဠ်ခရီး၏ အသီးအပွင့်အဖြစ် *'စွယ်တော်သျှောင်ရတု'* ကိုလည်းကောင်း ရေးသားသည်။ ယင်း ရတုကဗျာများသည် ခရီးကို အခြေခံပြီးမှ ပေါ်လာသည့် ကဗျာ

mgyoe.com

mgyoe.com


အဖွဲ့များဖြစ်သည်။ အုတ်ဖိုဆရာတော်ကြီး အိန္ဒိယပြည် ကြွတော်မူသောအခါ ဆရာတော်ကြီးနှင့်အတူ သူ၏တပည့် ဦးဝိစိတ္တ (အင်္ဂပူဆရာတော်) လည်း ပါသွားသည်။ ဦးဝိစိတ္တသည် သူ၏ခရီးအတွေ့အကြုံကို 'မဟာဗောဓိ ဆောင်းပါးကြီး' ခေါင်းစဉ်ဖြင့် ရတနာပုံနေပြည်တော် သတင်းစာတွင် ရေးသားခဲ့သည်။

ကိုလိုနီခေတ်တွင် ခရီးသွားမှတ်တမ်းများ အလျှိုလျှို ပေါ်လာကြ သည်။ ဂျပန်ပြည်အကြောင်း ရေးသားသော ဦးဥတ္တမ၏စာအုပ် ထွက်လာ သည်။ သိပ္ပံမောင်ဝသည် 'အောက်စဖို့တက္ကသိုလ်မှတ်တမ်း' ကို ရေးသား သည်။ ပုသိမ်ဦးဝိမလသည် ကိုယ်တွေ့ခရီးသွားဆောင်းပါးများကို ရေးသား သည်။ ချင်းတောင်သာသနာပြုဆရာတော် ဦးဥတ္တမသာရသည် ခရီးသွား မှတ်တမ်းဆောင်းပါးများကို ရေးသားသည်။ ကမ္ဘာလှည့်မောင်ခင်သည် သူ၏ ခရီးအတွေ့အကြုံများကို မှတ်တမ်းတင်ခဲ့သည်။

လွတ်လပ်ရေးခေတ် ရောက်သောအခါ မြန်မာနိုင်ငံသားတို့သည် ယခင်ကထက် တိုင်းပြည်အပြင်ဘက် ထွက်ကြသည်။ တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ ကိုယ်စားလှယ်အဖွဲ့ဝင်များအနေဖြင့်လည်းကောင်း ကမ္ဘာ့နိုင်ငံ များသို့ ခရီးလှည့်လည်သွားလာကြသည်။ ယင်းခရီးသည်များထဲတွင် ကလောင်ကိုင်ပုဂ္ဂိုလ်များ ပါသွားသောအခါ ခရီးသွားမှတ်တမ်းများ ပေါ်ထွက် လာကြသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ် ထားသော အိန္ဒိယပြည် ဗုဒ္ဓဌာနများသို့ ဘုရားဖူး သွားရောက်ကြသည်။ ယင်း ဓမ္မခရီးသည်များအနက် အချို့သည် ဗုဒ္ဓဌာန အတွေ့အကြုံများကို ရေးသားကြသည်။ မြန်မာခရီးသွားစာပေထဲတွင် ယင်းဗုဒ္ဓဌာန အတွေ့အကြုံ ခရီးသွားမှတ်တမ်းများ အတော်များများ ပါဝင်နေသည်ကို တွေ့ရသည်။ အိန္ဒိယပြည် ဗုဒ္ဓဌာနအကြောင်းကို ရေးသားထားသည့် မှတ်တမ်းများအနက် ဒုတိယကမ္ဘာစစ်မတိုင်ခင်က ထွက်ပေါ်ခဲ့သည့် ဦးကိတ္တိ၏ 'အိန္ဒိယကြေးမုံ' သည် အစုံလင်ဆုံးဖြစ်သည်။ ဗိုလ်ကလေးဦးသက်ရှည်လည်း အိန္ဒိယပြည် ဗုဒ္ဓဌာနများအကြောင်း စာအုပ်တစ်အုပ် ရေးသားဖူးသည်။ စာပေဗိမာန်မှလည်း မဇ္ဈိမဒေသ ဗုဒ္ဓဌာနများအကြောင်း ရေးထားသည့် စာအုပ်တစ်အုပ် ထုတ်ဝေ

mgyoe.com

mgyoe.com


ဖူးသည်။ မင်းယုဝေလည်း 'ရာဇဂြိုဟ်' အမည်ဖြင့် အိန္ဒိယခရီးသွားမှတ်တမ်း စာအုပ်တစ်အုပ် ရေးသားထားဖူးသည်။

ယင်းသို့အားဖြင့် ကလောင်ကိုင် ခရီးသည်များသည် မိမိတို့၏ ခရီးစဉ်အကြောင်းကို မှတ်တမ်းရေးသားကြသည်။ သို့သော်လည်း မှတ်တမ်း ရေးပုံရေးနည်းမှာမူ တစ်ဦးနှင့်တစ်ဦးမတူပေ။ အချို့ ခရီးသွားမှတ်တမ်းများမှာ ခရီးတစ်လျှောက်ရှိ တိုင်းပြည်နယ်ပယ်လူမျိုးတို့၏အကြောင်းကို သာမန် သိစေရုံလောက်သာ ရည်ရွယ်ချက်ထားသည်။ အချို့ခရီးသွား မှတ်တမ်း များကား ခရီးတစ်လျှောက်ရှိ နယ်ပယ်ဒေသ၏ ဘဝအခြေအနေကို ကျယ် ကျယ်ပြန့်ပြန့် လေ့လာထားသည်။ တိုင်းပြည်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခြေအနေများကို မိမိအမြင် မိမိခံစားချက်ဖြင့် ကြည့်ရှုသုံးသပ် ထားသည်။ ခရီးတစ်လျှောက်ရှိ တိုင်းပြည် မြို့ရွာနယ်ပယ်များ၏ ရှုကွင်း ရှုကွက်များကို ရေးသားဖော်ပြထားသည်။ တစ်ပြိုင်တည်းမှာပင် ယင်းဒေသ ယင်းဌာနများ၏ လူနေမှုဘဝကိုလည်း ခြယ်မှုန်းထားသည်။ အချို့ ရေးနည်း ရေးဟန်မှာ ရိုးရိုးကလေးဖြစ်သော်လည်း အချို့ကမူ ဆဝေဆာဆာဖြစ်အောင် ကလောင်ကွန့်ထားသည်။ အချို့ကား သဘာဝအလှကို ဦးစားပေးဖော်ပြသည်။

ခရီးသွားမှတ်တမ်းရေးရာ၌ 'ခရီး' ထက် 'ခရီးသည်' က ပိုပြီး ရှေ့တန်းမထွက်ဖို့လိုသည်။ ခရီးသည်သည် မိမိကိုယ်ကို မှောင်ကွယ်တွင် ထားသင့်သည်။ လူမြင်ကွင်းတွင် မကြာခဏ ထွက်ရပ် မပြသင့်ပေ။ မိမိကိုယ်ကို မထ္တရိုင်ထားပြီး ရေးရမည်ဖြစ်သော်လည်း မိမိကိုယ်ကို အဓိကအခန်းက ပါမသွားအောင် သတိပြုရမည်။ ယင်းသို့ မဟုတ်ပါက 'ခရီးသည်' ၏အခန်းက သာမည်ဖြစ်နေလိမ့်မည်။ 'ခရီးသည်' ၏အကြောင်းက တောက်ပြောင်နေပြီး 'ခရီး' ၏အကြောင်းက မှေးမှိန်နေလိမ့်မည်။ ထိုအခါတွင် ခရီးသွားမှတ်တမ်းသည် 'ခရီးသွား မှတ်တမ်း' မဟုတ်တော့ဘဲ 'ကိုယ်ရေးအတ္ထုပ္ပတ္တိ'၊ 'ကိုယ်ရေးမှတ်တမ်း' ဖြစ်သွားလိမ့်မည်။

မိမိလည်း ပြည်တွင်းပြည်ပ ခရီးသွားဖူးသည်။ ယင်းခရီးအားလုံးကို မှတ်တမ်းတင်ထားခြင်း မရှိသော်လည်း အချို့ခရီးအကြောင်းကိုမူ ရေးဖြစ်သည်။ ဤ 'စာပေခရီးသည်' စာအုပ်တွင် ယခင်က သွားလာခဲ့ဖူးသော ပြည်တွင်း

mgyoe.com

mgyoe.com


ခရီးအချို့၏အကြောင်း ရေးသားထားသည့်စာများ ပါဝင်သည်။

စာတစ်စောင်ပေတစ်ဖွဲ့ ဖြစ်လာဖို့ရန်မှာ အင်္ဂါရပ်စုံလင်ဖို့လိုသည်။ ရေးသားရမည့် အကြောင်းအရာလည်း ရှိရမည်။ မျိုးစေ့စိုက်ပျိုးဖို့ ရေခံမြေခံလိုသလိုပင် စာပေမျိုးစေ့ စိုက်ပျိုးဖို့အတွက် စာရေးကွင်းရေးကွက် ရေခံမြေခံ ရှိဖို့လည်းလိုသည်။ စာရေးဆရာ ဈာန်ဝင်ခြင်းကလည်း အင်္ဂါရပ်တစ်ခု ဖြစ်သည်။ ယင်းအင်္ဂါရပ်များထဲက တစ်ခုခု ချို့တဲ့နေလျှင် စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လာဖို့မလွယ်ပေ။ ဤစာအုပ်တွင် ပါဝင်သော ခရီးများအပြင် အခြားဒေသများသို့လည်း ခရီးသွားခဲ့ဖူးသည်။ သို့သော်လည်း စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လာဖို့ရန် အင်္ဂါရပ်တစ်ခုခု ချို့တဲ့နေသောကြောင့်လားမသိ။ ယင်းခရီးများသည် ခရီးသွားမှတ်တမ်းအနေဖြင့် ဤစာအုပ်တွင် နေရာ ရမလာကြပေ။

ဤစာအုပ်တွင်ပါသော ခရီးသွားမှတ်တမ်းများသည် လွန်ခဲ့သော နှစ်အတန်ကြာကာလက ရေးသားထားသော စာများဖြစ်၍ စာဖတ်သူသည် ဤစာအုပ်ကို ဖတ်စဉ်ခဏ၌ မိမိ၏အာရုံကို အတိတ်ကာလဆီသို့ ပို့ထားဖို့ လိုလိမ့်မည်ထင်သည်။

ပါရဂူ

၂၀၊ ၃၊ ၉၈။

mgyoe.com

mgyoe.com

## ပေပင်သည် ဤဒေသ၏ သင်္ကေတလား

ကျောင်းအရာမ်တွင်းသို့ ဝင်သွားလျှင်ဝင်သွားချင်း ထူးထူးခြားခြား ပေပင်ကြီးတစ်ပင်ကို လှမ်းမြင်ရသည်။ ပေတစ်သီး ကျိုးတစ်သားဟူသည့် ဆိုရိုးစကားသာမှန်လျှင် ဤပေပင်ကြီး၏ အပြည့်ဝ အအောင်မြင်ဆုံးအချိန်မှာ ဤအချိန်အခါပင် ဖြစ်သည်။ ပေပင်ကြီး၏ ထိပ်ဖျား၌ ပေသီးများ အပြွတ်လိုက်အခိုင်လိုက် သီးနေသည်။

စာဆိုတော်ခရီး ထွက်လာကြသည့် ကျွန်တော်တို့ စာရေးဆရာတစ်စုသည် တောင်တွင်းကြီးရောက်ခိုက် နတ်မှီတောရကျောင်းတိုက်သို့ အလည်အပတ် ရောက်ရှိလာကြသည်။ ဤကျောင်းတိုက်ကား မြန်မာစာပေသမိုင်းနှင့် ဆက်စပ်မှုရှိနေသည့် ကျောင်းတိုက်ဖြစ်သည်။ ဤကျောင်းတိုက်၌ ပေလေးပင်ရှင်လေးပါး အပါအဝင် စာဆိုကျော် ရှင်မဟာသီလဝံသ သီတင်းသုံးသွားခဲ့သည်။ ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့ စသော စာပေကဗျာများကို အက္ခရာ ရေးတင်ခဲ့သည့် ပေရွက်ပေဖူးများ ဖူးပွင့်ဝေဆာခဲ့သည့် ပေပင်ကြီးများ ဇီဝိန်ချုပ်သွားကြသည်မှာ နှစ်ပေါင်း ရာနှင့်ချီရှိသွားခဲ့လေပြီ။ သို့သော် ပေပင်မျိုးဆက်သည် အဆက်ပြတ်မသွားခဲ့ပေ။ ဤနေရာ၌ စာပေ၏သင်္ကေတဖြစ်သည့် ပေပင်အသစ်တစ်ပင်သည် ယခင့်ယခင် ပေပင်၏ မျိုးဆက်အဖြစ်ဖြင့် ပေါ်ထွန်းလာခဲ့သည်။ ရှင်မဟာသီလဝံသ ဇီဝိန်ချုပ်ငြိမ်းသွားသည်မှာ နှစ်ပေါင်းရာချီရှိသွားခဲ့ပြီဖြစ်သော်လည်း ရှင်မဟာသီလဝံသ၏ စာပေမျိုးဆက်

mgyoe.com

mgyoe.com

သည် ဤနေရာ၌ အဆက်ပြတ်မသွားခဲ့ပေ။ ရှင်ဥက္ကဋ္ဌသည် ရှင်မဟာသီလဝံသ၏ စာပေမျိုးဆက်အဖြစ်ဖြင့် ပေါ်ထွန်းလာခဲ့သည်။

ဤနတ်မှီတောရသို့ ကျွန်တော်ရောက်ဖူးသည်မှာ သုံးကြိမ်သုံးခါ ရှိသွားပြီ။ ပထမတစ်ကြိမ် ရောက်စဉ်က သက်တော်ထင်ရှား ရှင်ဥက္ကဋ္ဌကို ဖူးတွေ့ခဲ့ရသည်။ ဒုတိယအကြိမ် (၁၉၇၈) ရောက်စဉ်က ရှင်ဥက္ကဋ္ဌ၏ ရုပ်ကလာပ်နှင့် အုတ်ဂူကိုသာ ဖူးတွေ့ရတော့သည်။ တတိယအကြိမ် (၁၉၇၉-ဒီဇင်ဘာလ) တွင်ကား အုတ်ဂူ၏ထိပ်၌ မားမားမတ်မတ် ရပ်နေသော ရှင်ဥက္ကဋ္ဌ၏ ရုပ်တုကို ထုလုပ်ပြီးစ တွေ့ရသည်။ ရုပ်တုကို ထုလုပ်သူမှာ ပန်းပုဆရာ ဦးလွင်ဖြစ်သည်။ ပန်းပုဆရာဦးလွင်သည် ရှင်ဥက္ကဋ္ဌကို ကြည်ညိုလေးစားသူဖြစ်သည်။ မိမိလေးစားသူ၏ ရုပ်တုကိုထုလုပ်ရာ၌ ပန်းပုဆရာသည် လက်စွမ်းပြထားပုံရသည်။ ကလောင်နှင့်စာအုပ်ကို ကိုင်ထားသောဆရာတော်၏ ရုပ်တုမှာ အသက်ဝင်နေသည်။

"ဆရာတော် ပျံလွန်တော်မူသွားတာ တစ်နှစ်စေ့သွားပြီ။ တစ်နှစ်ပြည့်တဲ့နေ့မှာ ရုပ်တုဖွင့်ပွဲ အခမ်းအနားကျင်းပဖို့ အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ ဒီနှစ် မိုးခေါင်တာနဲ့ လူတွေ စီးပွားရေး မပြေလည်ကြဘူး။ ဒါကြောင့်မို့ ရုပ်တုဖွင့်ပွဲ တခမ်းတနားကျင်းပဖို့ အစီအစဉ်ကို ရွှေ့ဆိုင်းထားရတယ်"

ရှင်ဥက္ကဋ္ဌဒကာများက ပြောပြသည်။ သူတို့ပြောသည်မှာ မှန်ပုံရသည်။ ဒုတိယအကြိမ် ကျွန်တော် လာရောက်စဉ်က နတ်မှီတောရကျောင်းနှင့် ကပ်လျက်ရှိသော ရေကန်ကြီးသည် ကြာပန်းကြာခိုင်များနှင့် စိမ်းလန်းဝေဆာလျက်ရှိသည်။ ယခု တတိယအကြိမ်တွင်ကား ယခင်အချိန်ပင် ဖြစ်စေကာမူ ရေကန်ကြီး၏ အချို့နေရာများ၌ ပပ်ကြားများပင် အက်နေပြီ။

ကျွန်တော်တို့ ရှင်ဥက္ကဋ္ဌသီတင်းသုံးသည့် ကျောင်းဆောင်တွင်းဝင်ကြည့်ကြ၏။ ကျောင်းခန်းအတွင်း၌ ဆရာတော်ရှင်ဥက္ကဋ္ဌပိုင်ဆိုင်သည့် ပစ္စည်းများကို ပြထားသည်။ ပစ္စည်းများကား သင်္ကန်းသုံးထည်၊ ခြင်ထောင်၊ ခေါင်းအုံး၊ လက်နှိပ်ဓာတ်မီး စသော ရိုးရိုးပစ္စည်း အနည်းအကျဉ်းမျှသာ ဖြစ်သည်။ စာအုပ်များထားသည့် ကျောင်းခန်းအတွင်း၌ကား ဆရာတော်ကြည့်ရှုလေ့လာသည့် ဘာသာရပ်မျိုးစုံ အင်္ဂလိပ်မြန်မာ ပါဠိစာအုပ်များကို တွေ့ရသည်။ ရှိသမျှရောင့်ရဲပြီး ပစ္စည်းလာဘ်လာဘကို တပ်မက်ခြင်းကင်း

mgyoe.com

mgyoe.com

သည့် ရဟန်းဘဝ၏ စံနမူကို ဆရာတော် ပြသွားခဲ့သည်။ နတ်မီတောရ ကျောင်းမှ အပြန်တွင် ကျွန်တော်တို့သည် နတ်မီတောရကျောင်း ပေပင်ကြီးမှ စာပေ၏ အမှတ်သင်္ကေတအနေဖြင့် ပေသီးတစ်ယောက်တစ်လုံးစီ ယူလာခဲ့ကြသည်။ ယင်းပေသီးသည် နတ်မီတောရတွင် ပျော်မွေ့ခဲ့ကြသည့် စာပေပညာရှင်ကြီးများက ကျွန်တော်တို့အား ချီးမြှင့်လိုက်သည့် လက်ဆောင်မွန်သဖွယ် ဖြစ်သည်။

ကျွန်တော်တို့၏ခရီးသည် ရာစုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့် အတိတ်ဆီသို့ ရှေးရှုကြပြန်သည်။ တောင်တွင်းကြီးရောက်ပါလျက် ဗိသနိုးသို့ မသွား၍မဖြစ်ပေ။ ဗိသနိုးသည် ယခုတောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၂ မိုင် အကွာတွင်ရှိသော ၁၁ ရာစုနှင့် ၅ ရာစုအတွင်း ထွန်းကားခဲ့သော မြို့ဟောင်းဖြစ်သည်။ ရှေးဟောင်းကမ္ဘည်းကျောက်စာဌာနများမှ တူးဖော်ထားသဖြင့် ရှေးဟောင်းမြို့၏ အပျက်စီး အကျန်အကြွင်း အုတ်တိုက်သုံးလေးခုကို တွေ့မြင်ရသည်။ ဗိသနိုးမြို့တွင် စိုးမိုးသွားခဲ့သည့် ပန်ထွာဘုရင်မ၏ ဒဏ္ဍာရီသည် မြန်မာသမိုင်းဝတ္ထုလောကထဲတွင် အတော်ပင်မင်းမူနေသည်။ မြန်မာဝတ္ထုရေးဆရာ အတော်များများသည် ပန်ထွာဘုရင်မ၏ ဇာတ်လမ်းကိုယူပြီး ရာဇဝင်ဝတ္ထုများကို ရေးဖွဲ့ကြသည်။ ကျွန်တော် ဒုတိယအကြိမ် (၁၉၇၈) တောင်တွင်းကြီး ရောက်တုန်းကလည်း ဗိသနိုးသို့ သွားခဲ့သေးသည်။ ထိုစဉ်ကအကြောင်းကို ပြန်ပြီးသတိရသည်။ ထိုအချိန်က ကျွန်တော်တို့ ကံသီလို့ ကိစ္စချောမကုန်ခြင်း ဖြစ်သည်။ တောင်တွင်းကြီး ဗိသနိုးလမ်း၌ ကားဖြင့်သွားစဉ် ကျွန်တော်တို့ကားကို ဘူဒိုဇာမြေတူးကားကြီးက ပွတ်သွားသည်။ ကျွန်တော်တို့ ကားပျက်သွားသည်။ လူတွေ ကံကောင်းသည်။ တစ်ယောက်မျှ အထိအခိုက်မရှိ။ ကျွန်တော်တို့ အသည်းတထိတ်ထိတ် ဖြစ်ခဲ့ရသည်။

“ငါလာမှကြီး၊ ငါလာမှသီး” လို့ ပန်ထွာမိဖုရားကြီးက ဆုတောင်းသွားတယ်။ ဒါကြောင့်မို့ ဒီဗိသနိုးမြို့နယ်မြေမှာရှိတဲ့ ပေပင်တွေဟာ တစ်တောင်နှစ်တောင်ကထက် ပိုပြီးမကြီးဘူး။ ကြည့်ပါလား။ လမ်းဘေး တစ်လျှောက်ပေါက်နေတဲ့ ပေပင်ကလေးတွေ ကျွန်တော်တို့ အဘိုးအဘွား အမေ မိဘလက်ထက်ကလည်း ဒီအတိုင်းပဲ။ ကျွန်တော်တို့ငယ်ငယ်ကလည်း

mgyoe.com

mgyoe.com

ဒီအတိုင်းပဲ။ အခုလည်း ဒီအတိုင်းပဲ"

ဤဗိသနိုးဒဏ္ဍာရီ၌လည်း ပေပင်၏အခန်းက ပါဝင်နေသည်။ ကျွန်တော်တို့ ကားဒရိုင်ဘာကြီးက ဗိသနိုးဒဏ္ဍာရီ၌ ပါဝင်နေသည့် ပေပင် ပုံပြင်ကို ပြောပြသည်။ သူ့ကို အကဲခတ်ရသည်မှာ တကယ်ယုံကြည်နေပုံ ရသည်။ သူညွှန်ပြသည့် ပေပင်များကို ကြည့်သောအခါလည်း တကယ်ပင် တစ်တောင်နှစ်တောင်ထက် ပိုပြီးမမြင့်ပေ။

ယင်းပေပင်ပြဿနာသည် ယခုတစ်ကြိမ် ဗိသနိုးသွားသည့်အခါ တွင်ကား ရှင်းသွားသည်။

"ဗိသနိုးနယ်မြေမှာ ပေပင်တစ်တောင်နှစ်တောင်ထက် ပိုမကြီးဘူးလို့ အယူရှိကြတယ်။ အဲဒီအယူအဆကို ကျွန်တော်တို့စိုက်ထားတဲ့ ဟောဒီ ပေပင်က ချေဖျက်ပစ်လိုက်ပါပြီ"

ယခုတစ်ခေါက် ဗိသနိုးအသွားတွင် ကျွန်တော်တို့ကို လိုက်ပို့သည့် တောင်တွင်းကြီးမှ ကျောင်းအုပ်ဆရာကြီးများဖြစ်သည့် ဦးအောင်ညဏ်နှင့် ဦးသောင်းမြင့်တို့က ဗိသနိုးတည်းခိုရိပ်သာ၌ ကျွန်တော်တို့ ခေတ္တနားနေစဉ် တည်းခိုရိပ်သာဝင်းအတွင်း၌ စိုက်ပျိုးထားသည့် ပေပင်တစ်ပင်ကို ညွှန်ပြရင်း ပြောပြသည်။ ထိုပေပင်မှာ လူတစ်ရပ်လောက် မြင့်နေပြီ။ ဗိသနိုးဒဏ္ဍာရီနှင့် စပ်သည့် အခြားယုံကြည်ချက်များလည်း ရှိသေးသည်။ ဒွတ္တပေါင်မင်းကြီးက ပန်ထွာမိဖုရား၏ စည်တော်ကို ဖျက်လိုဖျက်ဆီး လုပ်လိုသဖြင့် ရှင်ယောင်ကို စေလွှတ်ပြီး ဆိတ်ရေဖြင့် စည်တော်ကို ပြန်ကြက်စေသည်။ ယင်းဒဏ္ဍာရီကို အခြေခံလျက် ဗိသနိုးနယ်မြေ၌ ဘုန်းကြီးရဟန်းနေလျှင် တာရှည်မခံ လူဝတ် လဲသွားရတတ်သည်ဟူ၍လည်းကောင်း၊ ဗိသနိုးနယ်မြေ၌ ဆိတ်မွေး၍မရ ဟူ၍လည်းကောင်း ယုံကြည်စွဲလမ်းချက်ရှိသည်။

ကျွန်တော် ဒုတိယအခေါက်ရောက်စဉ်က ဗိသနိုးနယ်မြေ၌ရှိသော ရေအိုင်ကြီးတွင် စိမ်းလန်းသောရေပြင်၌ ဟသ်ာငှက်ကလေးများ အုပ်ဖွဲ့ပြီး ကူးခတ်နေကြသည်ကို တွေ့ရသည်။ ယခုတစ်ကြိမ်၌မူ ယင်းရေအိုင်နေရာ၌ ရေလုံးဝမရှိဘဲ ခြောက်သွေ့နေသည်ကို တွေ့ရသည်။

နေ့လယ်နေ့ခင်းအချိန်ဖြစ်သဖြင့် နေကလည်း ချစ်ချစ်တောက်ပူနေ သည်။ နေပူထဲတွင် သစ်ပင်ကျိုးတိုးကျဲတဲကြားထဲမှ ပေါ်ထွက်နေသည့်

mgyoe.com

mgyoe.com


ဗိဿနိုးမြို့ဟောင်း အဆောက်အအုံပျက်များသည် ကျွန်တော်တို့အား ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည့် ရှေးအတိတ်ဆီသို့ ခေါ်သွားသည်ဖြစ်ရာ ကျွန်တော်တို့ ခေတ္တခဏ အတိတ်ကမ္ဘာဆီသို့ ရောက်နေကြသည်။ ကျွန်တော်တို့ကို တင်ဆောင်လာသည့်ကား ဗိဿနိုးမြို့ဟောင်း နယ်နိမိတ်ထဲမှ ထွက်လာမှပင် ကျွန်တော်တို့လည်း ပစ္စုပ္ပန်ကမ္ဘာသို့ ပြန်လည်ဦးလှည့်လာကြသည်။

ထိုနေ့ညပင် ယခုနှစ်အတွက် ကျင်းပပြုလုပ်မည့် တောင်တွင်းကြီး စာဆိုတော် ဟောပြောပွဲတွင် ကျွန်တော်တို့ စာပေအကြောင်း ဟောပြောရတော့မည်။ ညဟောပြောပွဲ၌ 'ပေလေးပင်' အကြောင်း စကားစပ်ပြီး ပြောမည်ဟု ကျွန်တော် စိတ်ကူးထား၏။ သို့သော်လည်း ပေလေးပင်ရေတွက်ကြည့်ရာ မေ့သလိုလိုဖြစ်နေ၏။ မြို့ထဲတစ်နေရာသို့အသွား မြင်းလှည်းပေါ်တွင် မင်းယုဝေကို မေးကြည့်သည်။

"ကိုဝင်းမောင်၊ ပေလေးပင် ရှင်လေးပါး ကျွန်တော်မေ့နေလို့ ရေပြစမ်းပါဦး"

ကျွန်တော်၏အမေးကို မင်းယုဝေက ဖြေမလို့ ဟန်ပြင်နေစဉ်မှာပင် မြင်းလှည်းမောင်းသမားက 'ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်ခေမာ' ဟူ၍ ဒေါက်ဒေါက်ဒေါက်ဒေါက်နှင့် ရွတ်ပြသွားသည်။ ကျွန်တော်တို့ အံ့အားသင့်နေကြသည်။ တောင်တွင်းကြီးကား ရှေးစာပေအစဉ်အလာ ရှိရုံမျှမက ယခုအချိန်၌လည်း မြင်းလှည်းသမားကအစ စာနှင့်ပေနှင့်ပါကလား။

တောင်တွင်းကြီးသည် စာပေအစဉ်အလာ ကြီးမားခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။ ပေလေးပင် ရှင်လေးပါး၏ မွေးဖွားရာ ဇာတိနယ်မြေမှာ ဤတောင်တွင်းကြီးပင် ဖြစ်သည်။ ယင်းပေလေးပင် ရှင်လေးပါးတို့၏ စာပေလက်ရာများသည် မြန်မာစာပေအတွက် မည်မျှ အကျိုးပြုခဲ့သနည်း။ သာသနာ့သမိုင်းတွင် အထင်ကရဆရာတော်တစ်ပါးဖြစ်သည့် ခင်ကြီးပျော်သည်လည်း ဤတောင်တွင်းကြီးနယ်မြေ၌ပင် ပေါ်ထွန်းခဲ့သည်။ ရှင်ဥက္ကဋ္ဌ၏ နယ်မြေမှာလည်း ဤတောင်တွင်းကြီးပင် ဖြစ်သည်။

ယင်းစာပေအစဉ်အလာသည် ယခုထက်တိုင်ပင် အဆက်ပြတ်မသွားပေ။ တောင်တွင်းကြီး၌ စာပေအုပ်စုတစ်စုကို တွေ့ခဲ့ရသည်။ သူတို့သည်

mgyoe.com

mgyoe.com

ဆောင်းပါးကဗျာဝတ္ထုများကို လက်တည့်စမ်းရေးနေကြသည်။ အချို့ပုဂ္ဂိုလ်များ၏ စာများသည် စာနယ်ဇင်းများတွင် အကြိမ်ကြိမ်ပင် ပါပြီးနေပြီ။ သူတို့အုပ်စုထဲက တစ်စုံတစ်ယောက်၏ ဝတ္ထုဖြစ်စေ၊ ဆောင်းပါးဖြစ်စေ စာနယ်ဇင်းတစ်ခုခုတွင် ပါလာပါက စာရေးသူသည် ငွေတစ်ရာလောက် အကုန်အကျခံပြီး ကျန်ပုဂ္ဂိုလ်များအား ကျွေးမွေးရသည်။ မိမိစာပါလာသည့် စာနယ်ဇင်းကိုလည်း ကျန်ပုဂ္ဂိုလ်များအား လူစေ့တက်စေ့ တစ်စောင်ကျစီ ဝယ်ပေးရသည်။ ဤမျှ ဝါသနာကြီးသူများ ဖြစ်ကြသည်။

ယင်းသို့ စာပေအစဉ်အလာ ကြီးမားသည့် မြို့တစ်မြို့ဖြစ်သောကြောင့်လားမသိ။ ညစာဆိုတော် ဟောပြောပွဲ၌ ဇာတ်ရုံကြီးထဲတွင် စာပေပရိသတ်များ ပြည့်လျှံသွားသည်။ မြို့တော်သိန်းအောင်လာကတုန်းကတောင် ယခုလောက် ပရိသတ်မများဟု ပြောသံကြားခဲ့ရသည်။

မိုးဝေ စာပေမဂ္ဂဇင်း၊ ၁၉၈၀။

▢

mgyoe.com

mgyoe.com

# အနီ နှင့် အဝါ

ကျွန်တော်တို့၏ ဇာတ်အဖွဲ့သည် တစ်မြို့မှတစ်မြို့သို့ ကူးရပြန်သည်။ တောင်တွင်းကြီး စာဆိုတော်ပွဲပြီးသောအခါ မြို့သစ်သို့ ခရီးဆက်ရသည်။ တောင်တွင်းကြီးနှင့် မြို့သစ်ကြားတွင် မြို့လုလင်ရှိသည်။ မြို့လုလင်ကား သမိုင်းဝင်မြို့ဖြစ်သည်။ မြို့လုလင်တွင်ဝင်ပြီး လျှပ်တစ်ပြက် လေ့လာမှု ပြုလုပ်လိုကြသည်။ မြို့သစ်မှ စာဆိုတော်ကော်မတီဝင်များကို မြို့လုလင်မှ လာရောက်ကြိုနေကြရန် အစီအစဉ်လုပ်ထားလိုက်သည်။

ပျဉ်းမနား ကျောက်ပန်းတောင်းရထားကို ပထမဆုံးအကြိမ် စီးဖူးခြင်း ပင်ဖြစ်သည်။ ဘူတာရောက်တော့ ရထားထွက်တော့မည့်ဆဲဆဲဖြစ်နေသည်။ ကျွန်တော်တို့လူသိုက်သည် ဝန်စည်စလယ်ကိုယ်စီနှင့် ရထားရှိရာသို့ အပြေးကလေး လာကြရသည်။ ရထားရောက်တော့ ဟိုတွဲတက်ရနိုးနိုး သည်တွဲ တက်ရနိုးနိုးနှင့် တွဲစေ့ အပြေးအလွှား ဖြစ်နေကြသည်။ တွဲတိုင်း၌ပင် ခရီးသည်နှင့် ကုန်ပစ္စည်းတွေက အပြည့်အသိပ်၊ ကျွန်တော်တို့လူသိုက် တစ်တွဲ တည်း၌ နေရာရဖို့မလွယ်။ နောက်ဆုံး စံရွေးမနေနိုင်တော့ဘဲ နောက်ဆုံးက ဂါတ်ဗိုလ်တွဲကို အတင်းတိုးတက်ကြရတော့သည်။ ဂါတ်ဗိုလ်တွဲပေါ်တွင် ပါလာသည့် ခရီးသည်အချို့မှာ ယမန်နေ့ညက ကျွန်တော်တို့ပွဲ လာကြည့်ကြ သူများ ဖြစ်သဖြင့် ကျွန်တော်တို့ကို မှတ်မိနေပြီး နေရာဖယ်ပေးကြရာသည်။ နေရာဖယ်ပေးကြသည့်တိုင် ကျွန်တော်တို့အထဲမှ တစ်ယောက်နှစ်ယောက်

mgyoe.com

mgyoe.com

သာ ထိုင်ကြရသည်။ ကျန်လူများမှာ တစ်လမ်းလုံးမတ်တတ်။ သို့သော် အရေးမကြီးပါ။ မိနစ်ပိုင်းအတွင်းမှာ မြို့လုလင်ဘူတာသို့ ရထားဆိုက်ရောက်လာသည်။

ရထားတွဲပေါ်မှ ဆင်းကြသည်။ ရထားတွဲမှာ ဂါတ်ဗိုလ်တွဲဖြစ်၍ တွဲကလေးကလည်း တိုသည်။ အပေါက်ကလည်း ကျဉ်းသည်။ ပစ္စည်းတွေ တစ်ဝန်တစ်ပိုးနှင့် ခရီးသည်များကို တိုးဝှေ့ပြီးဆင်းနေရရာ တော်တော်နှင့် ခရီးမရောက်နိုင်။ ထိုအတွင်း ရထားထွက်တော့မည်ဆိုသည့် အချက်ပေးဥသြသံ မမျှော်လင့်ဘဲ ထွက်ပေါ်လာသည်။ ကျွန်တော်တို့ ပျာယာခတ်သွားသည်။ ရထား ယခုလောက် မြန်မြန်ထွက်လိမ့်မည် မအောက်မေ့။ ရထားက တစ်မိနစ် နှစ်မိနစ်လောက်သာရပ်ပြီး ပြန်ထွက်သည်။ ရထားပြန်ထွက်ဖို့ အရှိန်ယူသောအခါ ကျွန်တော်တို့လူသိုက်ထဲက တစ်ဝက်လောက်သာ ဆင်းရသေးသည်။ ကျန်လူများမှာ တွဲပေါ်မှာပင် ကျန်နေကြသေးသည်။ ကျွန်တော်လည်း မဆင်းရသေး။ လက်ထဲတွင်လည်း အိတ်ကြီးက တိုးလို့တွဲလောင်း။

မီးရထားအချက်ပေးဥသြသံ ကြားရသောအခါ ကျွန်တော် ကမန်းကတန်း ဆင်းရသည်။ အရေးထဲ အပေါက်ဝမှာ ဈေးသည်အဒေါ်ကြီး တစ်ယောက်၏ ဈေးတောင်းတစ်ခုက ကန့်လန့်ခံနေသည်။ ကျွန်တော် သုတ်သီးသုတ်ပျာနှင့် ဈေးသည်အဒေါ်ကြီး၏တောင်းကို ကျော်လွှားပြီး ဆင်းလိုက်သောအခါ တောင်းထဲတွင် ထိုးထိုးထောင်ထောင်ထွက်နေသော ဘူးသီးတစ်လုံး၏ ထိပ်ဖျားနှင့် ကျွန်တော့်ပုဆိုး ငြိနေတော့သည်။ ရထားကလည်း ထွက်စပြုနေပြီ။ ယင်းပြဿနာကို အချိန်ယူပြီး ဖြေရှင်းမနေနိုင်ကြတော့ဘဲ ကျွန်တော့်နောက်ဘက်က တစ်ယောက်က ကျွန်တော့်ကို တွန်းချလိုက်သည်။ အောက်တွင် ရောက်နှင့်နေသည့် မင်းယုဝေက ဆီးဖမ်းသည်။ မြို့လုလင်ဘူတာတွင် တကယ့်စွန့်စားခန်းဇာတ်ထုပ်ကို ရိုက်နေကြသည်နှင့် တူနေသေးတော့သည်။

မြို့လုလင်ဘူတာ လာကြိုနေသည့် မြို့သစ်မှပုဂ္ဂိုလ်များက ကျွန်တော်တို့ကို ဒေါ့ဂျစ်ကားဖြင့် မြို့လုလင်မြို့ထဲ ခေါ်သွားကြသည်။ မြို့ဆိုသော်လည်း ယခုအချိန်၌ ကျေးရွာအုပ်စုမျှလောက်သာ ဖြစ်နေတော့သည်။ အရပ်

mgyoe.com

mgyoe.com
ထဲရောက်သွားသည်နှင့် ရှေးဟောင်းမြို့တစ်မြို့၏ အမှတ်အသားများဖြစ်သည့် ဘုရားအို ဘုရားပျက်များကို တွေ့ရသည်။ ဘုရားအို ဘုရားပျက်များသည် မြို့လုလင်၏ အတိတ်သမိုင်းကို မြွက်ကြားနေကြသည့်နှယ်။ မြို့လုလင်တွင် တောင်တွင်းအကျော် ခင်ကြီးပျော်ဆရာတော် သီတင်းသုံးသွားခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့ကို ဦးဦးဖျားဖျား တော်လှန်ခဲ့သည့် ဗိုလ်မင်းရောင် အခြေစိုက်သွားခဲ့သည်။

မြို့လုလင်တွင် အလယ်တန်းကျောင်းဖွင့်ထားသည့် ဘုန်းကြီးကျောင်းတွင် ကျွန်တော်တို့ တစ်ထောက်နားကြ၏။ ဘုန်းကြီးကျောင်းတွင် ဘုန်းတော်ကြီးနှင့် ဦးစံတင်ဆိုသူ ဆရာကြီးတစ်ဦးကို တွေ့ရသည်။ ဦးစံတင်က ကျွန်တော်တို့ကို ဧည့်ခံစကားပြောသည်။ ဦးစံတင်၏အဘိုး ဦးလူဖေသည် ဗိုလ်မင်းရောင်၏ တော်လှန်ရေးတပ်သားတစ်ဦး ဖြစ်သည်။ ဗိုလ်မင်းရောင်နှင့် အတူတွဲပြီး အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ခဲ့သူဖြစ်သည်။ ဦးစံတင်က သူ့အဘိုးကို 'ဘကြီး' ဟုခေါ်သည်။ ဤဒေသတွင် အဘိုးကို 'ဘကြီး' ဟု ခေါ်သလားမသိ။ ဦးစံတင်သည် ဗိုလ်မင်းရောင်တို့၏အကြောင်းကို ရှင်းလင်းပြောပြသည်။ ရှေ့မီနောက်မီ ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ကျွန်တော်တို့ကို ဧည့်ခံပြောပြရန် သူ့ကို တတန်တက ခေါ်ထားခြင်းဖြစ်သည်။ ကျွန်တော်တို့ အဖွဲ့တွင် ကျွန်တော်နှင့်အတူ မင်းယုဝေ၊ ညွန့်ကြူး၊ ခင်ဆွေဦးတို့ပါကြသည်။ ကျွန်တော့်ကို အဖွဲ့ခေါင်းဆောင်အဖြစ် သတ်မှတ်ထားကြသည်။ သို့ရာတွင် တကယ် လက်တွေ့အဖွဲ့ခေါင်းဆောင်အလုပ်ကို လုပ်သူမှာ တစ်ယောက်ဖြစ်သည်။

ဘုန်းကြီးကျောင်းတွင် ကျွန်တော်တို့ တစ်နာရီနီးပါးလောက်ကြာသည်။ ကျွေးတာတွေကိုစား၊ သိချင်တာတွေကိုမေး၊ ပြောတာတွေကို နားထောင်ပြီး မြို့လုလင်၏ အတိတ်သမိုင်းခေတ်ဆီသို့ ထွက်လာခဲ့ကြသည်။

"နေပါဦးဗျ။ ခင်ဗျားတို့ ဒီကျောင်းက ဘုန်းကြီးကို ထူးခြားတာ တွေ့ခဲ့ကြရဲ့လား။ ကျွန်တော်တော့ သတိထားမိခဲ့တယ်။ ဘုန်းကြီး စကားတစ်ခွန်းမှမပြောဘူး။ ငုတ်တုတ်ထိုင်နေတယ်"

ထိုဘုန်းကြီးကို ကျွန်တော် ဆန်းသလိုလို အောက်မေ့နေသည်။ ကျွန်တော်တို့ရောက်သည့်အချိန်မှ ပြန်သည်အထိ စကားတစ်ခွန်းမှ မပြော

mgyoe.com

ပေ။ တစ်ခွန်းမှလည်း မမေးမြန်းပေ။ ကျွန်တော်တို့ စားတာသောက်တာနှင့် ကျွန်တော်တို့နှင့် ဦးစံတင် ပြောကြဆိုကြတာတွေကိုသာ ထိုင်ကြည့်နေသည်။ ထိုင်နားထောင်နေသည်။ တခြားနေရာသို့လည်း ထမသွားပေ။ ထူးခြားသည် အထင်ရှိသဖြင့် ကျွန်တော် မျိုသိပ်မထားနိုင်တော့ဘဲ ကျောင်းဝင်းကအထွက် တွင် ဖွင့်မေးလိုက်သည်။ ကျွန်တော်တို့နှင့်ပါလာသည့် မြို့သစ်မှ ပုဂ္ဂိုလ် တစ်ဦးက ပြန်ဖြေသည်။

"ဘုန်းကြီးက စကားနည်းတဲ့ ဝသီရှိလို့ပါ။ ဒီဘုန်းကြီးက စကား မပြောပေမဲ့ ဒီနယ်တစ်ဝိုက်မှာ သူ့ဩဇာ အင်မတန်ကြီးတယ်။ တစ်ခု ထူးခြား တာက ဒီဘုန်းကြီးဟာ တူရိယာဂီတ သိပ်ကျွမ်းကျင်နားလည်တာပဲ။ သူ့ တပည့်တွေထဲက ဂီတဝိုင်း၊ ဆိုင်းဝိုင်းတွေ ထောင်ထားတာရှိတယ်။ အဲဒီဝိုင်း တွေဟာ ဘုန်းကြီးရဲ့ညွှန်ကြားမှုကို အမြဲနာယူနေကြရတယ်။ စည်းတို့ဝါးတို့ သိပ်ကျွမ်းကျင်နားလည်တဲ့ ဘုန်းကြီးဖြစ်တယ်"

ထိုစကားကို ကြားရသည့်အခါ ကျွန်တော် ဖျတ်ခနဲ တစ်ခု သတိရ လာသည်။ ဤမြို့လုလင်၌ပင် တစ်ကြိမ်တစ်ခါက တူရိယာဂီတကို ကျွမ်း ကျင်သည့် ဆရာတော်တစ်ပါး သီတင်းသုံးသွားခဲ့သည်။ ထိုဆရာတော်ကား ခင်ကြီးပျော်။ ခင်ကြီးပျော်သည် စာပေပိဋကတ်ကိုသာ နှံ့စပ်သူမဟုတ်။ လောကီပညာရပ်များလည်း နှံ့စပ်ကျွမ်းကျင်သည်။ တစ်ကြိမ်တွင် နောင်တော် မင်းတရားကြီးက 'ဆရာတော်သည် တခြားပညာရပ်များ နှံ့စပ်ကျွမ်းကျင်မည် ဖြစ်သော်လည်း တူရိယာဂီတကိုတော့ နားလည်လိမ့်မည်မဟုတ်' ဟုဆိုပြီး ဆိုင်းသမားများကို ကျောင်းသို့စေလွှတ်၍ တီးမှုတ်စေသည်။ ဆရာတော်က မနေနိုင်တော့ဘဲ တီးမှုတ်နည်းကို ညွှန်ပြလေရာ ဆရာတော်ညွှန်ပြသည့် အတိုင်း တီးကြရာ ထူးခြားသော သံစဉ်တို့ကို တီးနိုင်ကြသည်ဟု အဆိုရှိ သည်။ ယခု ဘုန်းကြီးလည်း မြို့လုလင်၌ နေထိုင်သီတင်းသုံးသည်ဖြစ်၍ ခင်ကြီးပျော်ဆရာတော်နှင့်နွယ်ပြီး တူရိယာဂီတ ကျွမ်းကျင်သည့်ဘုန်းကြီးများ ဖြစ်နေသလား။

ကျွန်တော်တို့ စွန်ချောင်းကို ဖြတ်ကြရသည်။ ချောင်းမှာ သဲချောင်း ဖြစ်သည်။ ချောင်းကို ဖြတ်ရသည်ဆိုသဖြင့် ရေကို ဖြတ်ရသည်မဟုတ်ပေ။ သဲကိုသာ ဖြတ်ရသည်။ သဲထဲကျွံနစ်သွားသည့် ခြေထောက်များကို အတော်

mgyoe.com

mgyoe.com

အားစိုက်၍ ဆွဲနုတ်နေကြရသည်။ ချောင်းဖျား၌ စွန်များ အတောင်လဲကြသည့်အတွက် စွန်ချောင်းအမည်တွင်ခြင်းဖြစ်၏ဟု သိရသည်။ စွန်ချောင်းတစ်ဖက် ကန်းပေါ်တက်လိုက်သည့်အခါ ကမ်းပေါ်၌ ရှေးဟောင်းဘုရားပျက်များ ရှေးဟောင်းအုတ်တိုက်ပျက်များကို တွေ့ရသည်။ ယင်းနေရာများကား တောင်တွင်းအကျော် ခင်ကြီးပျော်ဆရာတော်နှင့် သူ့ဆရာ သီတင်းသုံးသွားခဲ့သည့်နေရာများ ဖြစ်သည်ဟု သိရသည်။

စေတီများမှာ နှစ်ပေါင်းရာနှင့်ချီပြီး ရှေးကျသည့်စေတီများ ဖြစ်ပုံရသည်။ တချို့စေတီများ၏ ပတ်လည်၌ ဇာတ်တော် သို့မဟုတ် နှစ်ကျိပ်ရှစ်ဆူကို ရုပ်လုံးဖော်ထားသည့် အုတ်ခွက်ရုပ်ကြွများ ထွင်းထုထားသည်ကို တွေ့ရသည်။ သိမ်ကျောင်း အပျက်အစီးတစ်ခုကိုလည်း တွေ့ခဲ့ရသည်။ ခင်ကြီးပျော် ငယ်စဉ်က မြို့လုလင် ကန်ရိုးကျောင်းဆရာတော်ထံ၌ ပညာသင်ကြားသည်ဟု ဆိုသည်။ ယင်းကန်ရိုးကျောင်းမှာ ယခုတွေ့နေရသည့် အပျက်အစီး အကျန်အကြွင်းများလေလား။ ဤနေရာတစ်ဝိုက်သည် ခင်ကြီးပျော် ကျက်စားခဲ့သည့် ဒေသဖြစ်ဟန်တူသည်။ မြို့လုလင်၌ ကွမ်းခြံ၊ ဈေးတန်း၊ မြို့မ၊ ပုတီးကုန်းဟူ၍ ကျေးရွာအုပ်စုများရှိသည်။ ပုတီးကုန်းမှာ ခင်ကြီးပျော် ဆွမ်းခံသွားရင်း ပုတီးပြုတ်၍ ပုတီးပြန်ကုံးသည့်နေရာဟူ၍ ပြောစမှတ်ပြုကြသည်။ ဘာပဲဖြစ်ဖြစ် ဤနေရာဒေသကား သာသနာ့သမိုင်း၌ ထင်ရှားကျော်ကြားသည့် ခင်ကြီးပျော်ဆရာတော် နေထိုင်သီတင်းသုံးခဲ့သည့် နေရာဒေသဖြစ်သည်မှာကား ယုံမှားဖွယ်ရှိမည် မဟုတ်ပေ။

ခင်ကြီးပျော်သည် သက်တော် ၃၉ နှစ်အရွယ်တော်တွင် ပျံလွန်တော်မူသွားသည်။ လူ့ဘဝတွင် ကြာရှည်စွာ မနေလိုက်ရပေ။ သို့ရာတွင် ဤမျှတိုတောင်းသော အချိန်ကာလအတွင်း ကျမ်းပေါင်း ၃၀ ကျော်ကို ရေးသားပြုစုသွားခဲ့သည်။ သူပြုစုသွားခဲ့သည့် ကျမ်းများမှာ သာမန်ကျမ်းများ မဟုတ်ပေ။ ဗုဒ္ဓဘာသာနှင့် ပိဋကတ်စာပေအတွက် အလွန်အကျိုးပြုသော ကျမ်းများဖြစ်သည်။ 'ပုဒ်စစ်ကျမ်း' ကဲ့သို့သော ကျမ်းများမှာ နှုတ်တက်အာဂုံကျက်ရသည့် ပါဠိစာသင်သားများ၏ 'ကျောင်းသုံး' စာအုပ်သဖွယ် ဖြစ်နေသည်။ သူရေးသည့် သဒ္ဒဗျူဟာကျမ်းသည် မြန်မာဘာသာဖြင့်ရှိသည့် အဦးဆုံး မြန်မာသဒ္ဒဗေဒကျမ်းဟုဆိုလျှင် မှားမည်မဟုတ်ပေ။ သူ၏ကျမ်းများထဲတွင်

ဘာသာရပ်မျိုးစုံသည်။ ဆေးကျမ်းလည်းပါသည်။ ဗေဒင်ကျမ်းလည်းပါသည်။ ဓာတ်ကျမ်းလည်းပါသည်။ အသက်အရွယ်ငယ်ငယ်နှင့် ယခုလောက်ဘက်စုံအောင် တတ်ကျွမ်းသော ပုဂ္ဂိုလ်မျိုးမှာ သမိုင်း၌ ပေါ်ခဲ့သည်။ ခင်ကြီးပျော်သည် သာသနာပိုင်ဖြစ်သည်။ သို့သော်လည်း သူ သာသနာပိုင် ဖြစ်ရခြင်းမှာ စိတ်ပါလက်ပါနှင့် ဖြစ်ရခြင်းမျိုး ဟုတ်ဟန်မတူ။ သူ့သတင်း ကြားသောအခါ နောင်တော်မင်းတရားကြီးက နေပြည်တော်သို့ အပင့်ခိုင်းသည်။ ဆရာတော်သည် နေပြည်တော်သို့ မလိုက်လို၍ ရှောင်နေသည်။ နောက်မှ မင်းမှုထမ်းများက ဆရာတော်၏ ဒါယကာများအား အကျပ်ကိုင်သဖြင့် ဆရာတော်သည် အလျှော့ပေးပြီး နေပြည်တော်ကြွသွားခြင်း ဖြစ်သည်။ ဆရာတော်သည် မင်းပိုင်းစိုးပိုင်းနှင့် အကျွမ်းဝင်လိုဟန်မတူ။

ခင်ကြီးပျော်နှင့် ပတ်သက်သည့် သမိုင်းဝင်အထောက်အထားအကြွင်းအကျန်များကို အထိုက်အလျောက် ကြည့်ရှုပြီးသောအခါ ကျွန်တော်တို့ ဗိုလ်မင်းရောင်နှင့် ပတ်သက်သည့် သမိုင်းဝင် အထောက်အထားများရှိရာသို့ ခြေဦးလှည့်ကြသည်။ ဗိုလ်မင်းရောင်၏ သားကား ဦးစံဖေဖြစ်သည်။ ဦးစံဖေ၏ သားမှာ ဦးသိန်းမောင်ဟုခေါ်သည်။ ဦးသိန်းမောင်၏ သားကား ဦးတင်စိုး။ ယခု ဗိုလ်မင်းရောင်၏ မြစ် ဦးတင်စိုးတို့သာ ရှိတော့သည်။ ကွမ်းခြံရွာ၌ နေကြသည်။ ကျွန်တော်တို့ရောက်ချိန်၌ ဦးတင်စိုးကို မတွေ့ရ။ ခရီးလွန်နေသည်။ ဗိုလ်မင်းရောင်နေထိုင်သည့် အိမ်ရှိရာသို့ ကျွန်တော်တို့ ရောက်သွားကြသည်။ ယခင်အိမ်ဟောင်း၏ ဝင်းထဲတွင် အညာအိမ် ခြေတံရှည်နှစ်လုံးသုံးလုံးတန်း စီဆောက်ထားသည်။ ယင်းအိမ်များ၌ ဗိုလ်မင်းရောင်၏ အဆက်အနွယ်များ မနေကြတော့။ ဗိုလ်မင်းရောင်၏ ညာလက်ရုံး သွေးသောက်ကြီးဦးအင်း၏ မြေး ဒေါ်မြတို့ မိသားစုသာ နေကြသည်။ ဒေါ်မြကိုတွေ့ရ၏။ အသက် ၆၀ ကျော်ခန့်ရှိပြီ။ အဆင်အသွေးမရှိတော့သည့် အနက်ရောင်ချည်လုံချည်ကို ဝတ်ထားသည်။ အင်္ကျီကလည်း ညစ်နွမ်းပြီး အဖြူတွင်အမည်းစင်းများ ထနေသည်။ ရုပ်ပုံသဏ္ဌာန်မှာ လုပ်ငန်းခွင်၌ ရာသီဥတုဒဏ်ကို အပြင်းအထန် ခံထားရသဖြင့် မွဲခြောက်နွမ်းနယ်နေသည့် ပုံသဏ္ဌာန်မျိုးဖြစ်သည်။ ခြုံပြီးပြောရလျှင် ဒေါ်မြသည် ဝမ်းရေးအတွက် အချိန်ရှိသမျှလုံ့လစိုက်နေရသော အညာတောင်သူလောက၏ ရုပ်လုံးရုပ်သွင်ပင်ဖြစ်သည်။

mgyoe.com

mgyoe.com

ဗိုလ်မင်းရောင်နှင့် သူ့လက်ရုံးဦးအင်းတို့သည် ရရာလက်နက်စွဲကိုင်ပြီး ဗြိတိသျှနယ်ချဲ့တို့ကို ပုန်ကန်တော်လှန်ခဲ့ကြသည်။ သူတို့၏ သူ့ကျွန်မခံလိုစိတ်၊ အမျိုးကိုချစ်သည့်စိတ်၊ တော်လှန်ရေးစိတ်များကို ဆရာစံ စသော နောက်ပိုင်း လွတ်လပ်ရေးတိုက်ပွဲဝင်များသည် ခေတ်အဆက်ဆက် သယ်ဆောင်လာခဲ့ကြသည်မှာ၊ ထိန်းသိမ်းလာခဲ့ကြသည်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ခေတ်အထိ ဖြစ်သည်။ ဗိုလ်မင်းရောင်တို့၊ ဗိုလ်မင်းရောင်၏ ရောင်းရင်းတို့သည်လည်းကောင်း၊ ဆရာစံစသော လွတ်လပ်ရေး တိုက်ပွဲဝင်များသည်လည်းကောင်း သူတို့မျှော်မှန်းခဲ့သည့် လွတ်လပ်ရေးကို မြင်မသွားပေ။ သို့သော် သူတို့၏ မြေးမြစ်များသည် ယနေ့လွတ်လပ်ရေးကို မြင်တွေ့နေကြရပြီ။ သို့သော် သူတို့သည် လွတ်လပ်ရေးကို မော့ကြည့်ရုံသာ မော့ကြည့်နေကြရရှာသည်။ သူတို့၏အခြေအနေမှာ ဝမ်းဝရုံ ခါးလှရုံပင် အနိုင်နိုင်ဖြစ်နေသည်။ သူတို့သည် ထမင်းနပ်မှန် စားရရန်အတွက် အချိန်ရှိသမျှ ရုန်းကန်လှုပ်ရှားနေရရှာသည့် မြန်မာပြည် ကျောမွဲလောက၏ ကိုယ်ပွားမျှသာ ဖြစ်နေကြရရှာသည်။

မြို့လုလင် –

ဗြိတိသျှနယ်ချဲ့ကို ရရာလက်နက်ဖြင့် ဖွေဆော်ဦး တော်လှန်တိုက်ခိုက်ခဲ့သော ဗိုလ်မင်းရောင်တို့၏ ရဲသွေးလွှမ်းခဲ့ရာ နယ်မြေလည်းဖြစ်သည်။ တောင်တွင်းအကျော် ခင်ကြီးပျော်ဆရာတော် သာသနာတန်ဆောင် အခြေချသွားခဲ့သည့် သာသနာရောင်ဝါ လွှမ်းခဲ့သည့် နယ်မြေလည်းဖြစ်သည်။

မိုးဝေ စာပေမဂ္ဂဇင်း။

❐

mgyoe.com

mgyoe.com

## အုဇ္ဇ၏ မွေးရပ်မြေ

ကျွန်တော်တို့ကို တင်ဆောင်လာသော ဒေါ့ဂျစ်ကားသည် သမိုင်းဝင် မြို့လုလင်၏ နယ်နိမိတ်တွင်းမှ ထွက်လာခဲ့လေပြီ။ သို့သော် ကျွန်တော်တို့၏ စိတ်အာရုံထဲတွင် ပူပူနွေးနွေး တွေ့ကြုံခဲ့ပြီးဖြစ်သည့် မြို့လုလင်သည် ပျောက်မသွားသေးပေ။ ကျွန်တော်တို့၏ စိတ်အာရုံသည် လောက်လန်းသဖွယ်ဖြစ်နေသည်။ မြို့လုလင်မှ ထွက်လာခဲ့ပြီဖြစ်သော်လည်း ဦးတည်ချက်နေရာသစ်ဖြစ်သည့် မြို့သစ်သို့ မရောက်သေး၍ စိတ်အာရုံသည် မြို့လုလင်က မခွာသေးပေ။ ကားပေါ်တွင် မြို့လုလင်အကြောင်းကိုသာ တစ်ယောက်တစ်ပေါက် ပြောလာကြ၏။

"မြို့လုလင်ဆိုတဲ့ နာမည်ကလေးက အတော်ချစ်စရာကောင်းတယ်။ ဘာကြောင့်များ ဒီနာမည်တွင်ခဲ့သလဲ မသိဘူး"

တစ်ယောက်က စကားစ၏။ တစ်ယောက်သောသူက မြို့လုလင်က သူကြားသိလာသည့်အတိုင်း မြို့လုလင်သမိုင်းကို ရွတ်လေသည်။

"နေလုလင်အမတ်ကြီး တည်သွားတဲ့ မြို့ဖြစ်တဲ့အတွက် မြို့လုလင်လို့ တွင်တာတဲ့။ နေလုလင်အမတ်ကြီးရဲ့ အမတ်ကတော်က နမာလာလို့ ခေါ်တယ်တဲ့"

မြို့လုလင်ကို ကျွန်တော်တို့က 'မြို့လုလင်' ဟု ပီပီသသခေါ်သော်လည်း ဒေသခံတွေက 'မြို့လလင်' ဟူ၍လည်းကောင်း၊ 'မြို့လင်' ဟူ၍

mgyoe.com

mgyoe.com

လည်းကောင်း ခေါ်သည်ကို စကားပြောရင်း ကြားကြားနေရသည်။ 'ဘယ်ဟာကအမှန်လဲ' ဟု မေးကြည့်သည့်အခါ သူတို့လည်း အမှန်မသိကြောင်း၊ အဆင့်သင့်သလိုသာ ခေါ်နေကြောင်း ပြောပြသည်။ ဤတွင် တစ်ယောက်သောသူက ဝင်ဖောက်၏။

"ဘယ်မှာမှမမှန်ဘူး။ အမှန်က လင်လုမြို့။ နောက်မှာရှိတဲ့မြို့ကို ရှေ့ပို့ပြီး လင်လုမြို့က မြို့လုလင်ဖြစ်လာတာ"

"ဟာ... ခင်ဗျားဟာက မြို့လုလင်ကို မလိုတဲ့လူတွေ သွားပုပ်လေလွင့် ပြောတာနဲ့တူပါတယ်။ ခင်ဗျားစကား မြို့လုလင်သူတွေ ကြားသွားလို့ လိုက်ရိုက်မှဖြင့် ပြေးပေါက်မှားနေပါဦးမယ်"

ကားပေါ်ပါလာသည့် ကျွန်တော်တို့အဖွဲ့နှင့် ဒေသခံများသည် မြို့လုလင်အကြောင်းကို ရောက်တတ်ရာရာ ပြောလာကြသည်။ ဒေါ့ဂျစ်ကားသည် ညီညာပြေပြစ်ခြင်းမရှိသည့် လမ်းကြောင်းပေါ်တွင် အတော် အားယူပြီး ပြေးနေရသည်။ မြို့လုလင်မှ မြို့သစ်သို့ ရထားနှင့်လည်း လာ၍ရသည်။ ကျွန်တော်တို့ကား မြို့သစ်စာပေဟောပြောပွဲကော်မတီက မြို့လုလင်သို့ ကားဖြင့် ခေါ်လာသဖြင့် ကားလမ်းမှ လာခဲ့ရခြင်း ဖြစ်သည်။ ကားလမ်းဘေးနှစ်ဖက်၌ ထနောင်း၊ တမာ စသော အညာမြေတွင် ပေါက်နေကျ သစ်ပင်များအပြင် ကျွန်တော်တို့အမြင်နှင့် သိပ်မရင်းနှီးသည့် သစ်ပင်တစ်မျိုးလည်း ကြိုးကြားကြိုးကြား ပေါက်နေသည်ကို တွေ့ရသည်။ ယင်းသစ်ပင်ကား ဆီးဖြူပင်။ ကားလမ်းဘေး၌ ဆီးဖြူပင်များ အလေ့ကျ ပေါက်နေကြသည်။ သစ်ပင်အောက်တွင်လည်း ဆီးဖြူသီးများ ကြွေကျနေသည်။ ကားရပ်ခိုင်းပြီး ဆီးဖြူသီးတွေကိုကောက်ပြီး ခါးပိုက်ထောင်ထဲ ထည့်ယူသွားချင်သည့်စိတ် ပေါ်လာသည်။ သို့သော် ထိုဆန္ဒကို ထုတ်မပြဝံ့။ ထုတ်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်၏ဆန္ဒကို လိုက်လျောမည်မှာ ဧကန်ဖြစ်သည်။ မြို့သစ်သို့ အချိန်မီရောက်ဖို့ရာက ရှိနေသည်မဟုတ်လား။

ကျွန်တော်တို့ကား မြို့သစ်မြို့သို့ ချဉ်းကပ်လာပါပြီ။

မြို့သစ်အဝင် မြို့အပြင်ဘက်၌ လက်ပံပင်ကြီးတစ်ပင်ကို တွေ့လိုတွေ့ငြားကြည့်သည်။ ဆက်ရက်တွေဆူညံနေသည့် လက်ပံပင်ကြီးကိုရှာသည်။ သို့သော် မတွေ့။ ကျွန်တော်ရှာသည့် လက်ပံပင်ကြီးကား နှယ်နှယ်

mgyoe.com

mgyoe.com

ရရမဟုတ်။ မြန်မာစာပေလောကၐ ဂယက်ရိုက်သွားခဲ့သည့် လက်ပံပင်ကြီး ဖြစ်သည်။ **'ပန်းသာမစာအုံ'** ဝတ္ထုထဲက လက်ပံပင်ကြီး ဖြစ်သည်။

သခင်ဗသောင်းသည် မြို့သစ်နှင့် နတ်မောက်ကြားရှိ ယင်းချောင်းကမ်းပါးက ဖုံကုန်းရွာ၌ မွေးသော်လည်း ငယ်စဉ်က မြို့သစ်မြို့၌ အနေကြာသည်။ စာရေးဆရာတို့သည် သူတို့တွေ့ဖူးသည့် ပတ်ဝန်းကျင်၊ သူတို့နေဖူးသည့် နေရာဒေသကို စိတ်ကူးထဲတွင် ရုပ်ပုံအဖြစ်ထားပြီး ဝတ္ထုရေးဖွဲ့တတ်ကြသည်။ သခင်ဗသောင်းသည် **'ပန်းသာမစာအုံ'** ကို မြို့သစ်မြို့ကို အခြေခံထားပြီး ရေးသားခြင်းဖြစ်သည်။ 'မြို့သစ်တောင်ဘက် တံခါးရှိ လက်ပံပင်ကြီးကို စိတ်ကူးဖြင့် ထည့်ရေးထားခြင်း ဖြစ်ပါသည်' ဟူ၍ သခင်ဗသောင်းကိုယ်တိုင်က ဝန်ခံထားသည်။

သခင်ဗသောင်းကဲ့သို့ပင် ကိုယ့်နယ်မြေကို ဝတ္ထု၏အခြေခံ ကျောရိုးထားပြီး ဝတ္ထုရေးသည့် နာမည်ကျော် အိန္ဒိယဝတ္ထုရေးဆရာကြီး တစ်ဦးကိုလည်း တွေ့ဖူးသည်။ ယင်းဝတ္ထုရေးဆရာကား အင်္ဂလိပ်ဘာသာဖြင့် ကမ္ဘာကျော်ဝတ္ထုများကိုရေးသည့် မုလက်ရာဂျ်အာနန် ဖြစ်သည်။ ၁၉၅၆ ခုနှစ်လောက်က သူနှင့်ကျွန်တော် နယူးဒေလီမြို့မှာဆုံ၏။ သူက နယူးဒေလီမြို့မှ မိုင်ပေါင်းများစွာ ဝေးကွာသည့် သူ့ဇာတိနယ်မြေဖြစ်သည့် ပန်ဂျပ်ပြည်သို့ ကျွန်တော်တို့ကို ခေါ်သွားသည်။ ပန်ဂျပ်ပြည်၏မြို့တော်ကား အမရိတဆာဖြစ်သည်။ သူ၏နယ်မြေကား ဂျလန်ဒါးဖြစ်သည်။ အမရတိဆာမှ မော်တော်ကားစီးသွားရသည်။ သူ့နယ်မြေ ဂျလန်ဒါး ရောက်သွားသောအခါ 'ကူလီ' နှင့် သူ့အခြားဝတ္ထုများကို မွေးထုတ်လိုက်သည့် သူ့နယ်မြေဒေသကို ကျွန်တော်တို့ကို လိုက်ပြသည်။ သူ့ဆွေမျိုးသားချင်း၊ သူ့ငယ်ပေါင်းကြီးဖော်များနှင့်လည်း ကျွန်တော်တို့ကို မိတ်ဆက်ပေးသည်။ စာရေးဆရာ ငယ်စဉ်က နေခဲ့ဖူးသည့် နေရာဌာနနှင့် ငယ်စဉ်က တွေ့ကြုံခဲ့ဖူးသည့် ပတ်ဝန်းကျင်များကား စာပေလောကအတွက် ကျေးဇူးများလှပေသည်။

မြို့သစ်လည်း မြန်မာစာပေလောကအတွက် အထူးကျေးဇူးများသည့် ဒေသဖြစ်သည်ဟု ဆိုရလိမ့်မည်။ မြန်မာစာပေလောက၏ မှတ်တိုင်တစ်ခုဖြစ်သည့် **'ပန်းသာမစာအုံ'** သည် ဤဒေသ၌ ဖွားမြင်ခဲ့သည်။ ဤဒေသသည် **'ပန်းသာမစာအုံ'** ထဲက 'အုံ' ၏ မွေးရပ်မြေဖြစ်သည်။ ပန်းသာမစာအုံထဲက

mgyoe.com

mgyoe.com

ပတ်ဝန်းကျင်သည် ဤဒေသတစ်ဝိုက်က ပတ်ဝန်းကျင်ဖြစ်သည်။

ကျွန်တော်တို့ မြို့သစ်မြို့ ပါတီယူနစ်တွင် တည်းခိုကြရသည်။ အခြားမြို့များကဲ့သို့ပင် မြို့သစ်မြို့မှ မြို့ခံများလည်း ညှော်ဝတ်ကျေပွန်လှသည်။ စာပေစိတ် ထက်သန်ကြသည်။ စာဆိုတော်နေ့ ဟောပြောပွဲကို နေ့လယ်တွင် လုပ်၏။ ဟောပြောပွဲကျင်းပရာ ရုပ်ရှင်ရုံမှာ တည်းခိုသည့်နေရာမှ အတော်ကလေးလှမ်းသဖြင့် ကျွန်တော်တို့ကို ကားဖြင့်ခေါ်သွားသည်။ ဒီဇင်ဘာလ ဆောင်းအခါကာလဖြစ်သော်လည်း အညာနေသည် ချစ်ချစ်တောက် ပူနေသည်။ ကားလမ်းမသို့ နေပူကျဲတဲထဲတွင် စာပေဟောပြောပွဲ ကျင်းပရာ ရုပ်ရှင်ရုံသို့ ရှေ့ရှုပြီး သွားနေကြသည့် မြို့သူမြို့သားများနှင့် ကျောင်းသူကျောင်းသားများကို တွေ့ရသည်။ အချို့လည်း ထီးဆောင်းလာကြသည်။ အချို့ကမူ ဆောင်းစရာ ဘာမှမပါဘဲ နေပူထဲတွင် ဖုန်ထူထပ်သော လမ်းမပေါ်၌ လျှောက်နေကြသည်။ တော်တော်တန်တန် စာပေစိတ်ဖြင့် နေပူကြီးထဲတွင် ယင်းကဲ့သို့ အပင်ပန်းခံပြီး လာမည်မဟုတ်ပေ။ ပြည်သူလူထု၏ စာပေစိတ်သည် ဘယ်ခေတ်ကနှင့်မျှမတူအောင် အရှိန်မြင့်တက်နေသည်။ ဤစာပေခရီးမထွက်ခင်ကလေးကပင် ညောင်ချိုးစာပေဟောပြောပွဲ ရောက်ခဲ့သည်။ ညောင်ချိုးတွင်လည်း အသက်စွန့်ပြီး စာပေဟောပြောပွဲသို့လာသည့် ကိုင်းအလုပ်သမားတစ်ဦးကို တွေ့ခဲ့ရသည်။ ယင်းကိုင်းအလုပ်သမားမှာ စာပေဟောပြောပွဲလာရင်း လမ်းခုလပ်၌ ပိုးထိခံသွားရရှာသည်။

မြို့သစ်စာဆိုတော် ဟောပြောပွဲ၌ အခြားမြို့စာဆိုတော် ဟောပြောပွဲများနှင့်မတူသည့် ထူးခြားချက်တစ်ခုကို တွေ့ရသည်။ စာပေဟောပြောပွဲတိုင်း၌ ထုံးစံတစ်ခုဖြစ်နေသည့် အစဉ်အလာတစ်ခု ရှိသည်။ ဟောပြောသည့်စာရေးဆရာ၏ အကြောင်းကို ထိုစာရေးဆရာ မဟောပြောမီ အခမ်းအနားမှူးလုပ်သူက မိတ်ဆက်ပေးလေ့ရှိသည်။ များသောအားဖြင့် ကြုံရသည်မှာ ဟောပြောပွဲမလုပ်ခင် အခမ်းအနားမှူးလုပ်သူကဖြစ်စေ သို့မဟုတ် တစ်စုံတစ်ဦးကဖြစ်စေ ဟောပြောမည့် စာရေးဆရာ၏ အကြောင်းကို မေးစမ်းပြီး စာရွက်တစ်ရွက်နှင့် ရေးမှတ်လျက် ဟောပြောပွဲအချိန်၌ ဖတ်ပြခြင်းသာဖြစ်သည်။ ယခု မြို့သစ်စာပေဟောပြောပွဲ၌ကား ထိုကဲ့သို့ မဟုတ်ပေ။ ကျွန်တော်တို့ တောင်တွင်းကြီးရောက်စဉ်ကပင် မြို့သစ်မှ လူအချို့ လိုက်

mgyoe.com
လာလျက် စာရေးဆရာများ၏ အတ္ထုပ္ပတ်အကျဉ်းကို မေးစမ်းပြီး ရေးမှတ်ယူသွားသည်။ မြို့သစ်စာဆိုတော်ပွဲကျင်းပသည့် အချိန်၌ကား စာရေးဆရာများ၏ အတ္ထုပ္ပတ်အကျဉ်းကို စာစောင်ငယ်သဏ္ဍာန် ပြုလုပ်ပြီး ဝေငှနိုင်သည့် အခြေသို့ ရောက်နေပြီ။ လက်ရေးလှလှဖြင့် သေသပ်စွာရေးပြီး စာကူးစက်ဖြင့် လိုမ့်လျက် သပ်သပ်ရပ်ရပ်ချုပ်ထားသည့် စာစောင်ငယ်ကလေးမှာ ကြည့်၍ တစ်မျိုးလှနေသည်။ မြို့သစ်မြို့မှ စီစဉ်လိုက်သည့် စာရေးဆရာများ၏ အတ္ထုပ္ပတ်အကျဉ်းစာစောင်ကလေးသည် ကျွန်တော်တို့အတွက် အထူးကျေးဇူးများသွားသည်။ နောက်ပိုင်း တခြားမြို့များမှ စာဆိုတော်ပွဲများအတွက် အဆင်သင့်ရှိပြီးဖြစ်သည့် ယင်းစာစောင်ကလေးသည် အထူးပင် အသုံးဝင်သွားလေတော့သည်။ စာရေးဆရာများကို မိတ်ဆက်ပေးသည့် အစီအစဉ်၌ ယင်းစာစောင်ကလေးကိုပင် ဖတ်ပြကြသည်။

ဟောပြောပွဲပြီးသည့်အခါ ဟောပြောပွဲကျင်းပရာဖြစ်သည့် ရုပ်ရှင်ရုံနှင့် မလှမ်းမကမ်းတွင်ရှိသော ဘုန်းတော်ကြီး ဦးစန္ဒဝရ၏ မြို့ဦးကျောင်းတိုက်သို့ သွားကြသည်။ ထိုကျောင်းတိုက်၌ ဦးမင်းရောင်ကိုင်သည့် ဓားရှိသည်ဟု သတင်းကြား၍ တော်လှန်ရေးသမိုင်းဝင်ဓားကို ကြည့်လိုသောကြောင့် သွားကြခြင်းဖြစ်၏။ ကျောင်းတိုက်ရောက်သောအခါ ဓားကို မတွေ့ရတော့ပေ။ ဓားပိုင်ရှင်ပြန်ယူသွားပြီဖြစ်ကြောင်း ဘုန်းကြီးက အမိန့်ရှိသည်။ ဓားကို မတွေ့ရသော်လည်း ကျွန်တော်တို့ သွားရကျိုးနပ်သည်။ ကျောင်းတွင် ရှားရှားပါးပါး ပုံသဏ္ဍာန်ဆန်းဆန်း ဗုဒ္ဓရုပ်ပွားတော်များကို တွေ့ခဲ့ရသည်။ ဘုန်းတော်ကြီးသည် ထိုဒေသတစ်ဝိုက်က တူးဖော်တွေ့ရှိသည့် ဘုရားအိုး ဘုရားပျက်များမှ ရရှိသော ဆင်းတုတော်အမျိုးမျိုးကို စုဆောင်းသိမ်းဆည်းထား၏။ ယင်းဆင်းတုတော်များကို ကျွန်တော်တို့ တအံ့တဩ ဖူးခဲ့ရသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့ ဇာတ်အဖွဲ့သည် မြို့သစ်မှ မကွေးသို့ ကူးကြသည်။ မြို့သစ်မှ ဂျစ်ကားနှစ်စီးနှင့် လိုက်ပို့သည်။ ကားလမ်းဘေးနှစ်ဖက်၌ နဘူးချုံများ အစီအရီပေါက်နေသည်။ နဘူးပွင့်များလည်း ပင်လုံးကျွတ် ပွင့်နေကြသည်။ ယမန်နေ့ ဟောပြောပွဲ၌ပင် ခင်ဆွေဦးက နဘူးပွင့်ကို စကားစပ်ပြောသွားသည်။ တစ်ခါတုန်းက အညာမြို့များသို့ ဟောပြောပွဲအသွား လမ်းခရီးတစ်နေရာ၌ ခင်ဆွေဦးသည် နဘူးပွင့်ကိုရှုပြီး
mgyoe.com

mgyoe.com
ခေါင်းတွင်ပန်လိုက်သည်။ ထိုအရပ်မှ အရပ်သူတစ်စုက သူ့ဦးခေါင်းကိုကြည့်ပြီး နဘူးပွင့်ကို မပန်ရဟု သတိပေးသည်။ စာရေးဆရာများသည် တောသဘာဝ နားလည်သင့်သော်လည်း သူ့အနေဖြင့် တောရည်မလည်ပုံကို ခင်ဆွေဦးက ဖွင့်ဟပြောပြသွားခြင်းဖြစ်သည်။ ယခု နဘူးပွင့်တွေကို တွေ့နေရပြီ။

ကားလမ်းဘေး ယာခင်းများ၌ ပြောင်းနှမ်း စသော စိုက်ခင်းများကိုလည်း တွေ့ရသည်။ သို့ရာတွင် စိုက်ခင်းများသည် အစာအာဟာရ ဖွံ့ဖွံ့ဖြိုးဖြိုး မစားရသော ကလေးသူငယ်များလို နွမ်းခြောက်ကြုံလှီနေကြသည်။ စိမ်းစိမ်းစိုစို ဝေဝေဆာဆာမရှိလှ။ ယခုနှစ်တွင် မိုးခေါင်သဖြင့် တောင်သူတို့သည် ကျွဲနွားတိရစ္ဆာန်များ၏ အစာရေစာအတွက်ပင် အခက်အခဲ တွေ့နေကြသည်။

မြို့သစ်နယ်နိမိတ်အပြင်ဘက်ထွက်၍ မကြာမီပင် မိုးညို့လာသည်။

"အချိန်မဟုတ် မိုးများရွာဦးမှာလား"

တစ်ယောက်က ညည်းလိုက်သည်။

"ဒီလိုမိုးညို့နေရင် နှမ်းခင်းတွေ ပိုပြီးပျက်စီးတတ်တယ်"

ဒေသခံတစ်ယောက်က ပြောပြသည်။ ရာသီဥတုသည် တောင်သူလယ်သမားများကို ဒုက္ခကောင်းကောင်းပေးနိုင်သည်။ မိုးရွာသည်ဆိုသော်လည်း သူ့အချိန်နှင့်ရွာပါမှ၊ သို့မဟုတ်ပါက ကောက်ပဲသီးနှံဖြစ်ထွန်းမည့် အစား ဆုတ်ယုတ်သွားနိုင်သည်။ ယခု ထိုအခြေမျိုးဖြစ်နေသည်။ ရွာမည့်အချိန်များ၌ မိုးခေါင်နေသည်။ ယခု အချိန်မဟုတ် အခါမဟုတ်မှ မိုးညို့နေသည်။

"ကျွန်တော် ရှင်ဥက္ကဋ္ဌရဲ့မြေး တော်ပါတယ်"

ကျွန်တော်တို့ကို ဂျစ်ကားနှစ်စီးနှင့် လိုက်ပို့သည်။ ယင်းဂျစ်ကားနှစ်စီးထဲက တစ်စီးမှာ မြို့သစ်ဆေးလိပ်ခုံတစ်ခုမှ ဂျစ်ကားဖြစ်သည်။ ထိုဂျစ်ကားကို ပိုင်ရှင်၏သားကိုယ်တိုင်က လိုက်မောင်းပို့သည်။ သူ့ဘေးတွင် ကျွန်တော်ထိုင်လိုက်လာသည်။ ဂျစ်ကားမောင်းသူမှာ အသက်အစိတ်အရွယ်လောက် လူငယ်ဖြစ်သည်။ ထိုလူငယ်က ကျွန်တော်တို့ကို စာရေးဆရာမှန်းသိ၍ သူ့ကိုယ်တိုင် ရှင်ဥက္ကဋ္ဌ၏မြေးဟု မိတ်ဆက်လိုက်ဟန်တူသည်။ ယင်းသို့ ထိုလူငယ်က သူ့ကိုယ်သူ မိတ်ဆက်လိုက်သည့်အခါ ကျွန်တော်တို့အားလုံး
mgyoe.com

mgyoe.com
၏အာရုံသည် သူ့ဆီ ဝိုင်းပြုံရောက်သွားသည်။ ရှင်ဥတ္တမ၌၏ မွေးရပ်မြေမှာ မြို့သစ်ဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် စာပေခရီးထွက်လာကြသည့် ကျွန်တော်တို့ကို လိုက်ပို့သူမှာ ရှင်ဥတ္တမ၌၏မြေး ဖြစ်နေသည်။

"ရှင်ဥတ္တမ၌ မကွယ်လွန်မီက ကိုယ်တိုင်ရေး အတ္ထုပ္ပတ်တစ်ခု ရေးသားခဲ့တယ်။ အဲဒီအတ္ထုပ္ပတ် အခု အစအနပျောက်နေတယ်။ သခင်မြတ်ဆိုင်ဆီမှာ လိုလို ဘယ်သူ့ဆီမှာလိုလိုနဲ့ အစရှာမရတော့ဘူး" လူငယ်က ဂျစ်ကားမောင်းနေရင်း စကားဆက်ပြော၏။

"ဟုတ်လား။ အဲဒီအတ္ထုပ္ပတ်စာအုပ်ထုတ်လိုက်ရရင် သိပ်ကောင်းမှာပဲ။ ရှင်ဥတ္တမ၌လို ပုဂ္ဂိုလ်တစ်ဦးရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ်ဟာ ဖတ်လို့ အတော်ကောင်းမှာပဲ"

ကျွန်တော်တို့အထဲက တစ်ဦးက ထိုလူငယ်၏စကားကို တုံ့ပြန်လိုက်သည်။ ထိုလူငယ်ပြောသည်ကို ကျွန်တော်လည်း တအံ့တဩ ဖြစ်နေသည်။ ရှင်ဥတ္တမ၌၏စာအုပ် သို့မဟုတ် စာမူစာရင်းထဲတွင် သူကိုယ်တိုင်ရေး အတ္ထုပ္ပတ်ဆိုသည်ကို မတွေ့ဖူးပေ။ သို့သော် ရှင်ဥတ္တမ၌၏မြေးသည် မရေးဘဲနှင့်ရေးသည်ဟု လုပ်ကြံပြောမည်မဟုတ်ပေ။ ရှင်ဥတ္တမ၌၏ ရှေးသွားဖြစ်သူ ရှင်အာဒိစ္စဝံသသည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ်ကို ရေးခဲ့သည်။ ရှင်ဥတ္တမ၌လည်း ကိုယ်တိုင်ရေးအတ္ထုပ္ပတ်ရေးဖို့ လက်နှေးလိမ့်မည်မဟုတ်ပေ။ သို့ဖြစ်လျှင် ယင်းအတ္ထုပ္ပတ် ယခု ဘယ်ရောက်နေသနည်း။ ရင်းနှီးသူများ အစဖော်ထုတ်သင့်ပေသည်။

ကျွန်တော်တို့ကားသည် မြို့သစ်အနောက်ဘက်က နာမည်ကျော် ယင်းချောင်းသို့ ရောက်လာပြီ။

ချောင်းဆိုသော်လည်း ရေတစ်မှုံမတွေ့။ ရေပြင်အစား သဲပြင်ကြီးကိုသာ တစ်မျှော်တစ်ခေါ် တွေ့ရသည်။ နတ်မောက်နယ်သား စုံနံ့သာမြိုင်ဦးကြော့က 'ကွင်းသာယာ ယင်းညာသို့ ရှုလိုက်လျှင် ယမုနာနှစ်သွယ်ပြိုင်တဲ့' ဟု ရေးဖွဲ့ထားသော်လည်း ပယာဂတိတ္ထဟု ရှေးအမည်ရသည့် ယခု အေလာဟာဘတ်မြို့ဆိပ်ကမ်း၌ ဂင်္ဂါမြစ်သို့ လာဆုံမည့် ယမုနာမြစ်မှာ ရေတသွင်သွင် စီးဆင်းနေသည်ကိုသာ တွေ့ခဲ့ရသည်။ ယခု ယင်းချောင်းမှာမူ သဲပြင်အတိသာ ဖြစ်နေသည်။
mgyoe.com

ကျွန်တော်တို့သည် သဲလှိုင်းထနေသည့် သဲပြင်ကြီးကို တစ်ဖာလုံ နှစ်ဖာလုံလောက် ဖြတ်ကူးရသည်။ ယင်းချောင်းထဲ ကျွန်တော်တို့ ဂျစ်ကား ဖြတ်ဆင်းသွားသောအခါ ကျွန်တော်တို့ရှေ့တွင် လယ်ထွန်စက်တစ်ခု ခံနေသည်။ လယ်ထွန်စက်က ကျွန်တော်တို့ကားကို လမ်းဖယ်ပေးပြီး ကျွန်တော်တို့ကားနောက်မှ လိုက်လာသည်။ ထိုလယ်ထွန်စက်မှာ အကယ်၍ ကျွန်တော်တို့ကားနှစ်စီး သဲထဲတွင် ကျွံနစ်နေပါက ဆွဲရန် စေလွှတ်ထား သည့် လယ်ထွန်စက်ဖြစ်ကြောင်း ထိုအချိန်ကျမှပင် ကျွန်တော်တို့သိရသည်။ ကံအားလျော်စွာ ကျွန်တော်တို့၏ကားများမှာ သဲထဲတွင် ကျွံနစ်မနေဘဲ သဲချောင်းတစ်ဖက်ကမ်းသို့အထိ သူ့အရှိန်နှင့်သူ မောင်းသွားနိုင်ခဲ့သည်။

သဲချောင်းအလယ်ရောက်သောအခါ လူတစ်စုကို တွေ့ရသည်။ ဝတ္ထုထဲမှာပါသည့် သဲကန္တာရထဲက ခရီးသွားကုန်သည်တစ်အုပ်နှင့် တူနေ သေးတော့သည်။ သူတို့သည် သစ်သားဖြင့် လုပ်ထားသည့် ကြောင်အိမ်၊ ပန်းကန်စင်၊ တန်းလျား စသော အိမ်ထောင်ပစ္စည်းအသစ်များကို ထမ်းပိုး ပြီး ခြေလျင်ခရီးထွက်လာကြသည့်လူများ ဖြစ်သည်။ ရန်ကုန်ဆင်ခြေဖုံးမှ အိမ်ထောင်ပစ္စည်းများကို လုပ်ပြီး ရန်ကုန်မြို့ထဲ နေ့စဉ် ထမ်းပိုးပြီး လာရောင်း ချမည့်သူများ ဖြစ်မည်။ လုပ်အား အရင်းစိုက်ရသည်နှင့် အကျိုးအမြတ်ရ သည်မှာ ကာမိကြမည်မဟုတ်ပေ။ ကျွန်တော်တို့ ကားပေါ်ထိုင် လိုက်လာရ တာတောင် စိတ်မောနေသည်။ သူတို့က တစ်ဝန်တစ်ပိုး ထမ်းပိုးလျက် သဲပြင်ထဲတွင် ကျွံနစ်သွားသည့် ခြေထောက်များကို အနိုင်နိုင်နုတ်ပြီး သွားနေ ကြရရှာသည်။ တစ်ဝမ်းတစ်ခါးအတွက် သဲထဲတွင် ရုန်းကန်နေကြရရှာပါ ကလား။

ခပ်စောစောက ညို့နေသည့်မိုးသည် သဲသဲမဲမဲပင် ရွာချနေသည်။ ကားထဲပါလာသည့် ကျွန်တော်တို့ပင် ရွှဲရွှဲစိုကုန်ကြသည်။

မကွေးမရောက်ခင် နတ်မောက်တွင် တစ်ထောင့်နားကြသည်။ ကျွန်တော်တို့ ပါတီယူနစ်နှင့် အကျိုးပေးနေသည်။ နတ်မောက်တွင်လည်း ပါတီယူနစ်၌ပင် ခရီးတစ်ထောင့်နားသည်။ နတ်မောက်ကား ဗိုလ်ချုပ် အောင်ဆန်း၏ မွေးရပ်မြေဖြစ်သည့်အတွက် ရောက်ဖူးချင်သည်မှာ ကြာပြီ။ ယခု ခရီးသွားရင်းဟန်လွှဲ နတ်မောက်ရောက်လာရသဖြင့် မြို့သစ် စာမေ

mgyoe.com


ဟောပြောပွဲ ကော်မတီကို အထူးကျေးဇူးတင်မိသည်။ နတ်မောက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏အိမ်ကို သွားကြည့်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏အိမ်မှာ ၁၉၇၄ ဧပြီလ၊ နတ်မောက်မီးထဲ ပါသွားသည်။ ယခု အသစ်ပြန်ဆောက်နေသည်မှာ မပြီးသေးပေ။ ကျွန်တော်တို့ ရောက်သွားတော့ အိမ်အကြမ်းတည်သာ ပြီးသေးသည်။ အမိုးအကာ မမိုးကာရသေးပေ။ ဗိုလ်ချုပ်ကြေးရုပ်ကိုလည်း သွားကြည့်ကြသည်။ ဗိုလ်ချုပ်ကြေးရုပ်မှာ ဗိုလ်ချုပ်အင်္ဂလန်သွားစဉ်က စစ်အင်္ကျီရှည်ကြီးနှင့် ရိုက်ထားသည့် ဓာတ်ပုံကို ထုလုပ်ထားသည့်ရုပ်တု ဖြစ်သည်။ ကန်တော်ကြီးပန်းခြံက ကြေးရုပ်ထက်တော့ အချိုးအစားကျသည်။ ဗိုလ်ချုပ်ကြေးရုပ်နောက်ဘက် မျှော်ကြည့်လိုက်သည့်အခါ ယင်းချောင်းကို တွေ့ရသည်။ ဗိုလ်ချုပ်ကြေးရုပ်များထဲတွင် မြင်းစီးထားသည့်ပြည်က ကြေးရုပ်မှာ မာန်အပါဆုံးဖြစ်သည်။

နတ်မောက်မြို့ သာသနာ့ဟိတစာကြည့်တိုက်သို့လည်း ရောက်သွားကြသည်။ ယင်းစာကြည့်တိုက်သည် 'သာသနာ့ဟိတ' ဟု အမည်ပေးထားသော်လည်း သာသနာနှင့်သာ ပတ်သက်သည့် စာကြည့်တိုက်မဟုတ်ပေ။ စာကြည့်တိုက်၏ သက်တမ်းမှာ ၄၅ နှစ်ပင်ရှိပြီး မကွေးတိုင်း၌ အကြီးဆုံးစာကြည့်တိုက်ဖြစ်သည်ဟု သိရသည်။ ယင်းစာကြည့်တိုက်သည် နိုင်ငံရေးသမားများ စာရေးဆရာများကို မွေးထုတ်ပေးခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲခေတ်၌ အကြီးဆုံး စာကြည့်တိုက်ဖြစ်သည်ဟု သိရသည်။ ယင်းစာကြည့်တိုက်သည် နိုင်ငံရေးသမားများ စာရေးဆရာများကို မွေးထုတ်ပေးခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲခေတ်၌ နယ်ချဲ့ဆန့်ကျင်ရေး သပိတ်စခန်း ဖြစ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးခေတ်၌ တော်လှန်ရေးစခန်း ဖြစ်ခဲ့သည်။

ကျွန်တော်တို့နှင့်အတူ မြို့သစ်မှ ပြည်သူ့ကော်မတီဥက္ကဋ္ဌလည်း ပါလာသည်။ ကျွန်တော်တို့က နတ်မောက်တွင် ကိစ္စရှိ၍ ကျွန်တော်တို့နှင့် လိုက်ပါလာခြင်းဖြစ်သည်ဟု ထင်သည်။ နတ်မောက်ရောက်မှ နတ်မောက်တွင် ဘာကိစ္စရှိ၍မှမဟုတ်ဘဲ ကျွန်တော်တို့ကို နတ်မောက်အထိ တမင်သက်သက်လိုက်ပို့ခြင်းဖြစ်သည်ဟု သိရသည်။ ကျွန်တော်တို့ မကွေးထွက်သွားသောအခါ သူလည်း နတ်မောက်မှ မြို့သစ်သို့ ပြန်သွားသည်။ သို့သော် သူ့ခမျာ မြို့သစ်အပြန်တွင် ကားအဆင်မပြေ၍ လယ်ထွန်စက် စီးသွားရရှာ

mgyoe.com

သည်။ ဂျစ်ကားနှစ်စီးလုံး ကျွန်တော်တို့ကို မကွေးအထိရောက်အောင် လိုက်ပို့ရဦးမည်။

နေ့လယ် ထမင်းစားချိန်၌ ကျွန်တော်တို့ မကွေးရောက်သွားကြသည်။ ထိုည၌ပင် စာပေဟောပြောပွဲကျင်းပသည်။ ဟောပြောပွဲကို ပါတီယူနစ်ရုံးရှေ့ရှိ လမ်းမပေါ်က လဟာပြင်၌ ကျင်းပသည်။ ပရိသတ်များ ကြိတ်ကြိတ်တိုးစည်ကားသည်။ စာပေဟောပြောပွဲ ကျင်းပနေချိန်အတွင်း မိုးကလေး တဖျောက်နှစ်ဖျောက် ကျနေသည်။ နောက်ဆုံး ဟောပြောသူ ခင်ဆွေဦးအလှည့်ရောက်သောအခါ မိုးသဲသဲမဲမဲ ရွာချလေတော့သည်။ သို့သော် ပရိသတ်မှာ ဖွဲကောင်းလှသည်။ မိုးရွာကြီးထဲ၌ပင် နေရာမရွှေ့ နားထောင်နေကြသည်။ အချို့သာ ထီးရှိပြီး အများအပြားမှာ မိုးအစိုခံပြီး နားထောင်နေသည်။ ပရိသတ်ထဲ၌ မိုးရွာသည်ကို ဂရုမထားဘဲ ဖွဲနပဲနှင့် နားထောင်နေသည့် ဗိုက်ကြီးသည်များ၊ အမယ်အို အဘိုးအိုများကိုပင် တွေ့ရသည်။ ဟောသူနှင့် နားထောင်သူ နှစ်ဦးလုံးပင် မိုးရွာထဲ၌ ကျဲနေကြသည်။ ဟောသူကို ထီးသွားဆောင်းပေးသော်လည်း လက်မခံ။ မိုးရွာကြီးထဲ နားထောင်နေသည့် ပရိသတ်ကိုငဲ့ပြီး သူလည်း မိုးပေါက်များအောက်၌ပင် ဆက်ပြီးဟောနေသည်။ မကွေးစာဆိုတော်ဟောပြောပွဲကား မိုးရွာထဲ၌ပင် အပြီးသတ်သွားသည်။

မိုး၊ ၁၀ စာပေမဂ္ဂဇင်း။

□

mgyoe.com

## နေရောင်ထဲက ပိုးစုန်းကြူး

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲကို အကြောင်းပြု၍ ထင်ရှားကျော်ကြားသော မြေလတ်မြို့တစ်မြို့ရှိသည်။ ထိုမြို့ကား အထက်မင်းလှဖြစ်သည်။ မင်းလှ၌ ခံတပ်တစ်ခု တည်ဆောက်ပြီးလျှင် အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတုန်းက မြန်မာ့တပ်မတော်သည် အင်္ဂလိပ်စစ်တပ်ကို ခုခံတွန်းလှန်ခဲ့သည်။

ကျွန်တော်တို့အဖွဲ့သည် မကွေးမှ မင်းလှမြို့ ကူးလာခဲ့ကြသည်။ မကွေးမှ နံနက် လေးနာရီလောက်တွင် သင်္ဘောဆင်းကြရသည်။ မင်းလှသင်္ဘောကပ်တော့ နံနက် ၇ နာရီလောက်ရှိနေပြီ။ ကျွန်တော်တို့ သွားလေရာ မိုးလိုက်၍ရွာသလို ဖြစ်နေသည်။ အခါမဲ့ရွာသည့်မိုးသည် ကျွန်တော်တို့ မရောက်ခင်က မင်းလှ၌လည်း ရွာထားသည်။ မိုးရွာထားသဖြင့် သင်္ဘောဆိပ်ကမ်း၌ ရွှံ့များနူးနေသည်။ သင်္ဘောဆိပ်ကမ်းမှ မတ်စောက်နေသဖြင့် သင်္ဘောကုန်းပေါင်ကဆင်းပြီး ကမ်းထိပ်ရောက်အောင် အတော်အားယူပြီး တက်နေရသည်။ ထိုအထဲ ရွှံ့ကလည်း နူးနေသဖြင့် ရွှံ့ထဲဝင်သွားသောခြေထောက်ကို အတော်ပြန်နုတ်နေရသည်။ ကျွန်တော့်မှာ သူများထက် အလေးချိန်များ၍လားမသိ။ ရွှံ့ထဲသွားသည့်အခါ သူများတကာထက် မြုပ်မြုပ်သွားတတ်သည်။ မင်းလှဆိပ်ကမ်းအတက်တွင် ကျွန်တော့်ခြေထောက် ရွှံ့ထဲမြုပ်နေသည်။ တခြားလူတွေအားလုံး ကမ်းပေါ်ရောက်နေကြပြီ။ ကျွန်တော်က ရွှံ့ထဲမြုပ်နေသည့် ခြေထောက်ကို အားယူပြီး နုတ်ရင်းနှင့် လဲတော့မလို

mgyoe.com

mgyoe.com

ဒယိမ်းဒယိုင်ဖြစ်နေသည်။

"ဆရာပါ၊ လက်ပေး၊ လက်ပေး"

ကမ်းပေါ်ရောက်နေသည့် မင်းယုဝေက ကျွန်တော့်ဆီ လက်ကမ်းလိုက်သည်။ ကျွန်တော်ကလည်း လက်ကို သူ့ဆီလှမ်းပေးလိုက်သည်။ သူက ကျွန်တော့်လက်ကို လှမ်းဆွဲပြီး ကမ်းပေါ်ဆွဲတင်လိုက်သည်။ ကမ်းပေါ်ရောက်မှ မင်းယုဝေသည် သူ့ရုတ်တရက် ပြောလိုက်သည့်စကားအဓိပ္ပာယ်ကို ပြန်တွေးပြီး ကျွန်တော့်ကို အားတုံ့အားနာဖြစ်နေသည်။ သူအားတုံ့အားနာ အမူအရာဖြစ်နေမှပင် ကျွန်တော်လည်း သူ့စကားအဓိပ္ပာယ်ကို သဘောပေါက်သွားမိသည်။ သို့သော် ထိုစကားအဓိပ္ပာယ် ဘာဖြစ်ဖြစ် ကျွန်တော်မမှုနိုင်။ အကျပ်အတည်းထဲတွင် အကူအညီပေးသည့်အတွက်သာ သူ့ကို ကျေးဇူးတင်နေရသည်။

မင်းလှတွင်လည်း ကျွန်တော်တို့ ပါတီယူနစ်မှာပင် တည်းခိုကြရသည်။ ပါတီယူနစ်ရောက်သည့်အထိ ကျွန်တော်တို့ခြေထောက်တွင် ရွှံ့စေးတင်းကျမ်းဖြစ်နေသည်။ ပါတီယူနစ်ရောက်မှ ဆေးကြောပစ်လိုက်ရသည်။ ကျွန်တော်တို့ ခြေထောက်ဆေးနေစဉ် လူတစ်ယောက်ပေါက်လာသည်။ ကြည့်လိုက်တော့ အသားညိုညို ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွေးနှင့် တကယ့် တောဂိုက်တောပုံပေါ်နေသည့် လူတစ်ယောက်ဖြစ်နေသည်။ ထိုလူက ကျွန်တော်တို့ကို ပြုံးပြီးနှုတ်ဆက်သည်။ ကျွန်တော် ထိုသူ့ကိုကြည့်ပြီး မြင်ဖူးသလိုလိုရှိသည်ဟု တွေးနေမိသည်။ မှန်သည်။ ၁၉၆၃ ခုနှစ်လောက်တုန်းက သူ့ကိုတွေ့ဖူးသည်။ သူကား တောသားကြီးလူနိုင်။ ၁၉၆၃ ခုနှစ်က ကျွန်တော် 'ညီတော်မင်းနန်' အတွက် ဘာသာပြန် ပထမဆုရသည်။ တောသားကြီးလူနိုင်ကလည်း သူ့ကဗျာစာအုပ်အတွက် ကဗျာဆုရသည်။ ထိုစဉ်က ကျွန်တော် သူ့ကို ကောင်းကောင်းတွေ့ခဲ့ဖူးသည်။ ထို့နောက်တွင်မူ တစ်ခါမျှမတွေ့တော့။ ယခု မင်းလှတွင် သူ့ကို လာတွေ့သည့်အခါတွင် ပိုးတိုးဝါးတားဖြစ်နေသည်။ ကျွန်တော်တို့ ခြေထောက်ဆေးနေစဉ် ခဏတစ်ဖြုတ် တွေ့လိုက်ရသော တောသားကြီးလူနိုင်သည် မင်းလှမြို့တွင် ကျွန်တော်တို့ တစ်နေ့နှင့်တစ်ည ရှိနေစဉ်အတွင်း နောက်ထပ် ကျွန်တော်တို့ဆီ ရောက်မလာတော့။ ထိုနေ့ည ရုပ်ရှင်ရုံအတွင်း စာပေဟောပြောပွဲ အပြီးတွင်

mgyoe.com

mgyoe.com

သာ သူ့ကို နောက်တစ်ကြိမ်ထပ်ပြီး ခဏတွေ့လိုက်ရသည်။

မင်းလှတွင် စာပေနယ်မှ ပုဂ္ဂိုလ်နှစ်ဦးကို တွေ့ရသည်။ တစ်ဦးမှာ တောသားကြီးလူနိုင်ဖြစ်ပြီး အခြားတစ်ဦးမှာ 'မောင်တင်ရွှေ–သန်လျင်' ဖြစ်သည်။ မောင်တင်ရွှေ–သန်လျင်သည် စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားနေသူဖြစ်သည်။ မင်းလှရောက်မှပင် မောင်တင်ရွှေ–သန်လျင်မှာ မင်းလှမြို့ ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင်ရွှေ သိရသည်။ ဗိုလ်ကြီးတင်ရွှေ အမှူးရှိသော မင်းလှမြို့စာဆိုတော်ကော်မတီသည် ဧည့်ဝတ်အထူးကျေပွန်ကြသည်။ ထိုနေ့ညဥ္စ စာပေဟောပြောပွဲကျင်းပပြီး နောက်တစ်နေ့နံနက်တွင် ပြန်ကြရမည်ဖြစ်ရာ မင်းလှတွင် ကျွန်တော်တို့ ထိုနေ့တစ်နေ့ပင် လည်ချိန်ရှိသည်။ ရရှိနေသည့် အချိန်ကလေးတွင် နားမနေကြတော့ဘဲ ကြည့်စရာရှိသည်များကို လျှောက်ကြည့်ကြသည်။

မင်းလှသည် ယခင်က သမိုင်းဝင်ခံတပ် တည်ရှိရာမြို့ဖြစ်သဖြင့် နာမည်ကြီးခဲ့သည်။ ယခုအချိန်၌မူ စက်မှုမြို့တစ်မြို့ဖြစ်နေပြီ။ မြို့၏ ပတ်ဝန်းကျင်ရှိ တည်ဆောက်ပြီး တည်ဆောက်ဆဲ စက်ရုံကြီးများကို အကြောင်းပြုပြီး မင်းလှမြို့သည် အနာဂတ်တွင် သည့်ထက်ပိုစည်ကားလာပေလိမ့်မည်။ မင်းလှအနီး မလွန်တွင် ရေနံချက်စက်ရုံတစ်ခု တည်ဆောက်ပြီးသွားပြီ။ လည်စပင်ပြုနေပြီ။ သမ္ဗရာကံတွင်လည်း ရေနံချက်စက်ရုံကြီးတစ်ခု တည်ဆောက်နေသည်။ ယင်းရေနံချက်စက်ရုံကြီးသည် မြန်မာနိုင်ငံ၌ အကြီးဆုံးရေနံချက်စက်ရုံကြီး ဖြစ်လာပေလိမ့်မည်။

ကျွန်တော်တို့သည် မလွန်ရေနံချက်စက်ရုံသို့ ရောက်သွား၏။ သက်ဆိုင်ရာပုဂ္ဂိုလ်များက စိတ်ရှည်လက်ရှည် လိုက်ပြ၏။ သစ်လွင်တောက်ပြောင်သော စက်ရုံအဆောက်အအုံများသည် မလွန်ကမ်းဘေး ကုန်းမြင့်တွင် တည်ရှိနေသည်။ အနောက်ဘက် ခပ်လှမ်းလှမ်းတွင် တောင်တန်းများကို ခပ်ညို့ညို့ လှမ်းမြင်ရသည်။ အရှေ့ဘက် ဧရာဝတီမြစ်ကလည်း ငွေကာဝိုက်ကာ စီးဆင်းနေသည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် ပထနဂိုရ်ရှာ ရှိနေသည်။ ယင်းရှုခင်းများကို နောက်ခံထားသည့် ကမ်းပါးထိပ် ကုန်းမြေပေါ်က စက်ရုံအဆောက်အအုံသစ်များသည် ကြည့်၍ မျက်စိပသာဒတစ်မျိုး ရှိနေသည်။ ကျွန်တော်တို့ မလွန်ကမ်းထိပ်ပေါ်က အောက်ငုံ့ကြည့်လိုက်ကြ၏။

mgyoe.com

mgyoe.com


အသူရာနက်သည့် ချောက်ကမ်းပါးကြီးပါလား။ ကမ်းစပ်တွင် ပေါက်နေသည့် သစ်ပင် ဝါးပင်ကြီးများသည် မြက်ပင်သာသာမျှလောက်သာ တွေ့ရသည်။ တသွင်သွင် စီးဆင်းနေသည့် ဧရာဝတီမြစ်ကမ်းတွင် ရွှေရောင်ဝင်းနေသည့် စေတီတစ်ဆူကို ခပ်ရေးရေး တွေ့ရသည်။ ထိုစေတီ၏ ဘွဲ့မည်မှာ ရွှေလဝင်းဘုရားဖြစ်သည်။ ခပ်လှမ်းလှမ်းအငူတစ်ခုတွင် မြသပိတ်ဘုရားရှိသည်။ ကျွန်တော်တို့၏အမြင်တွင် အသက်ဝင်နေသည့် သဘာဝရှုခင်းပန်းချီကားတစ်ချပ် ပေါ်လာသည်။ ကမ်းစပ်တွင် ငါးမျှားနေသည့် လူနှစ်ယောက်၏ အနီရောင်အင်္ကျီမှာ သဘာဝရှုခင်းပန်းချီကား၏ စူးရဲသောဆေးရောင်ဖြစ်နေသည်။ ယင်းရှုခင်း၏ ညှို့ချက်အရ ကျွန်တော်တို့သည် ကမ်းထိပ်ပေါ်တွင် မနေနိုင်ကြတော့ပေ။ အောက်ဘက်ကမ်းစပ်သို့ တဖြည်းဖြည်း ဆင်းသွားကြသည်။ ဆင်းစရာလမ်းကလည်း ရှိနေသည်။ အဆင်းတွင် မထောင်းတာသော်လည်း အောက်ဘက်ကမ်းစပ်မှ ကမ်းထိပ်ရောက်အောင် ပြန်တက်သည့်အခါတွင်ကား ကျွန်တော်တို့ထဲက အချို့မှာ မောဟိုက်နေကြသည်။

"အဲဟို တောင်ညို့ညို့က ပတီးတောင်လို့ခေါ်တယ်၊ အဲဒီနေရာမှာ မိန်းမတစ်ယောက်က သူ့ယောက်ျားကို ပါးတီးလို့ ပတီးတောင်လို့ခေါ်တာ"

စက်ရုံမှလူတစ်ယောက် ကျွန်တော်တို့နှင့် ပါလာသည်။ ထိုလူက မလွန်အနောက်ဘက်တွင် ခပ်ညို့ညို့မြင်ရသောတောင်ကို လက်ညှိုးညွှန်ပြီး ပြောသည်။ ကျွန်တော်တို့အားလုံးရယ်ပြီး သူညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြသည်။

"အဲဒီမိန်းမက တခြားမဟုတ်ဘူး။ ပန်ထွာမင်းသမီးလို့ခေါ်တဲ့ ဗိဿနိုးမိဖုရားကြီး။ ဗိဿနိုးမိဖုရားကြီးဟာ ဗိဿနိုးမြို့က ထွက်ပြေးပြီး အဲဒီတောင်မှာ လာပုန်းနေတယ်။ အဲဒီတောင်အထိ ဒွတ္တပေါင်မင်းကြီး လိုက်လာတယ်။ ဗိဿနိုးမိဖုရားကြီးက ဒွတ္တပေါင်မင်းကြီးကို မကြိုက်လို့ ပါးတီးထည့်လိုက်တာ"

တစ်ယောက်က ထိုလူ၏စကားကို ထောက်ခံပြောနေပြန်သည်။ အမည်တစ်ခုခုတွင်နေခြင်း၌ ဇာတ်ပွဲတစ်ခုခု ရှိနေတတ်ရာ ထိုလူပြောပြသော ပတီးတောင်၏ ဇာတ်ပွဲမှာ မှန်သည်မှားသည် အပထား၊ ကြားလိုက်ရသည့်

mgyoe.com

mgyoe.com


ခဏော့၌မှ ကျွန်တော်တို့အားလုံး ဝါးခနဲ ပွဲကျသွားသည်။

ကျွန်တော်တို့ မလွန်ရေနံချက်စက်ရုံမှ သမ္ဘရာကံ ရေနံချက်စက်ရုံသို့ ရောက်လာကြသည်။ သမ္ဘရာကံ ရေနံချက်စက်ရုံကြီးကား မြန်မာပြည်တွင် အကြီးဆုံးသော ရေနံချက်စက်ရုံဖြစ်မည်ဟု အဆိုရှိသည်။ တည်ဆောက်ဆဲ ကာလပင် ရှိသေးသည်။ ငါးဆယ်ရာခိုင်နှုန်းလောက်တော့ ပြီးနေပြီ။ စက်ရုံမှူးတစ်ယောက်က ကျွန်တော်တို့ကို မြေပုံကိုပြပြီး အသေးစိတ်ရှင်းပြသည်။ အလုပ်ရုံမှူးတစ်ယောက်ကလည်း ကျွန်တော်တို့ကို စေတနာအပြည့်အဝဖြင့် စက်ရုံနေရာများသို့အထိ လိုက်လံပြပြီး အသေးစိတ်ရှင်းပြသည်။ အမှန်ပြောရလျှင် သူတို့ ရှင်းလင်းပြောပြသည့် အကြောင်းအရာများသည် ကျွန်တော်တို့ နားထဲ ဝင်သွားသည်များရှိသလိုပင် နားအပြင်ဘက် လျှံထွက်သွားသည်များလည်းရှိသည်။ ကျွန်တော်တို့အား တကယ်လေ့လာမည့်သူများဟုထင်ပြီး စေတနာအပြည့်ဖြင့် အသေးစိတ်ရှင်းပြသည်။ သို့သော် ကျွန်တော်တို့ကား သူတို့ရှင်းလင်းပြောပြသည့် ဝေါဟာရစကားလုံးများကအစ ခပ်စိမ်းစိမ်းဖြစ်နေသည်။ နားထဲဝင်သလောက်သာ ဝင်သည်။ သည်ကြားထဲ ကျွန်တော်တို့တွင် အချိန်ကလည်း နည်းနေသည်။ တခြားကြည့်စရာရှုစရာများလည်း ကျန်သေးသည်။ ကျွန်တော်တို့ ရေနံချက်စက်ရုံ နယ်နိမိတ်အတွင်းမှ ပြန်လာခဲ့ကြသည်။ အပြန်တွင် လမ်းခုလတ်၌ လယ်ထွန်စက်ရုံကို ဝင်မကြည့်နိုင်ကြတော့ပေ။ မင်းလှအနီး၌ လယ်ထွန်စက်ရုံလည်း ရှိသည်။

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတုန်းက မင်းလှတွင် အင်္ဂလိပ်ဘက်မှလည်း အကျအဆုံးရှိခဲ့သည်။ ယင်းစစ်ပွဲ၌ ကျဆုံးသွားသော အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်၏ဂူသည် မင်းလှမြို့တစ်နေရာ၌ ရှိသည်။ ကျွန်တော်တို့ ထိုဂူရှိရာသို့ ရောက်သွားကြ၏။ ဂူနှင့် မလှမ်းမကမ်းတွင် ဘုရားတစ်ဆူရှိသည်။ ဂူမှာ အပေါ်ပိုင်းလောက်သာ မြေကြီးပေါ်ပေါ်နေသည်။ ကျန်အစိတ်အပိုင်းအားလုံး မြေကြီးထဲမြုပ်နေသည်။ ဂူ၏သက်တမ်းမှာ နှစ်ပေါင်း ၉၅ နှစ်ရှိပြီဖြစ်၍ ယင်းသို့ မြေကြီးထဲ မြုပ်ဝင်သွားသလားဟု အောက်မေ့ရသည်။ ဂူ၏အပေါ်ထိပ်ဘက်၌ '၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ၊ မင်းလှတိုက်ပွဲ၌ ကျဆုံးသွားသော လက်ဖတင်နင် ဂျူရီ၏အုတ်ဂူ' ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် စာလုံးရေးထိုးထားသည်။

mgyoe.com

mgyoe.com

မင်းလှအချို့ရပ်ကွက်ထဲက အိုးစည်လုပ်ငန်းကို ကျွန်တော်တို့ သွားကြည့်ကြပြန်သည်။

မင်းလှဆိပ်ကမ်းတွင် သင်္ဘောဆိုက်သည်နှင့် သင်္ဘောပေါ်တွင် အိုးစည်သံ ဗုံသံကလေးများ တဗုံဗုံကြားရသည်။ ယင်းအိုးစည်သံ ဗုံသံကလေးများမှာ အိုးစည်ရောင်းသူများ သူတို့၏ အိုးစည်များကို တီးတီးပြနေသည့် အသံများဖြစ်သည်။ သင်္ဘောကပ်သည့်အခါ စားဖွယ်သောက်ဖွယ် စသည့် ပစ္စည်းများကို အော်ရောင်းသည့်နည်းတူ သူတို့လည်း အိုးစည်ကလေးများ ဗုံကလေးများကို တီးတီးပြီး ဈေးခေါ်နေကြခြင်းဖြစ်သည်။ ကြည့်ရသည်မှာ အထူးကရုဏာသက်စရာကောင်းသည်။ မင်းလှမြို့သည် မြန်မာပြည်၌ အိုးစည်ထုတ်လုပ်သည့် ဒေသတစ်ခု ဖြစ်သည်။ မင်းလှအပြင် ပျော်ဘွယ်နှင့် မန္တလေးတို့၌လည်း အိုးစည်ထုတ်လုပ်သည်။

ကျွန်တော်တို့ အိုးစည်လုပ်နေသည့်နေရာ နှစ်နေရာသို့ ရောက်သွားသည်။ အိုးစည်လုပ်ငန်းမှာ မကြီးကျယ်လှပေ။ လုပ်သားလေးငါးယောက်လောက်နှင့်သာ လုပ်နေကြသည်။ လုပ်ငန်းမှာ မိသားစုအိမ်တွင်းမှု လုပ်ငန်းမျှလောက်သာ ဖြစ်သည်။ စက်ကိရိယာများနှင့် လျှပ်စစ်အားကိုပင် အသုံးမပြုနိုင်ကြ။ လုပ်ငန်းက မကြီးကျယ်မတိုးတက်သည်ဖြစ်၍ အမြတ်အစွန်းလည်း နည်းပါးသည်။ လက်ခလောက်သာ စားရသည်ဟု သူတို့က ပြောပြကြသည်။ ကျွန်တော်တို့သည် ရေနံချက်စက်ရုံကြီးများကိုကြည့်ပြီး သူတို့ဆီ တန်းလာခဲ့ကြခြင်းဖြစ်သည်။ အင်မတန် ခေတ်မီတိုးတက်နေသည့် စက်ရုံကြီးများ မျက်စိထဲတွင် ပျောက်ကွယ်မသွားသေးသည့် ကျွန်တော်တို့အပြင်၌ ယင်းအိုးစည်လုပ်ငန်းမှာ ကလေးကစားသည့် ပမာမျှသာ ဖြစ်နေသည်။ နေရောင်ထဲက ပိုးစုန်းကြူးသဖွယ်သာ ဖြစ်နေသည်။ သို့ရာတွင် ထိုပိုးစုန်းကြူး၏ အရောင်ဖျော့တော့တော့ထဲ၌ပင် အမျိုးသားအမွေအနှစ်သည် မှိန်မှိန်ကလေး ရှိနေသည်။ သိပ္ပံပညာ မာကြူရီ မီးလုံးကြီး၏ဘေး၌ အမျိုးသားယဉ်ကျေးမှု အမွေအနှစ် ဆီမီးခွက်ကလေးသည် ဆီကုန်ခန်းပြီဖြစ်၍ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသည်။ ယင်းဆီမီးခွက်လေး ဟုတ်ခနဲ ငြိမ်းမသွားစေရန် ဆီထပ်ဖြည့်ဖို့ လိုလေသည်။ ယင်း ဆီမီးခွက်ကလေးသည် အမျိုးသားယဉ်ကျေးမှု၏ အမှတ်သင်္ကေတ ဖြစ်နေသည်မဟုတ်လား။

mgyoe.com

mgyoe.com

တည်းခိုသည့်နေရာ ပြန်ရောက်တော့ နေအတော်စောင်းနေပြီ။ ကျွန်တော်တို့ တည်းခိုသည့်နေရာနှင့် မင်းလှခံတပ်မှာ တစ်ခေါ်လောက်သာ ဝေးသည်။ ကျွန်တော်တို့အဖွဲ့ထဲက လူအားလုံး နံနက်ပိုင်းက ခံတပ်ကို သွားကြည့်ပြီးကြပြီ။ မကြည့်ရသေးသူမှာ ကျွန်တော်တစ်ယောက်သာ ကျန်သည်။ ကျွန်တော် ခံတပ်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

ခံတပ်သည် ဧရာဝတီမြစ်ကမ်းထိပ်၌ ရှိသည်။ လေးထောင့်စတုရန်း သဏ္ဌာန်ဖြစ်သည်။ ခံတပ်၏ အလျားမှာ ၁၇၃ ပေ ၇ လက်မရှိပြီး အနံမှာ ၁၃၁ ပေ ၄ လက်မရှိသည်။ ခံတပ်တွင် အဝေးပစ် အမြောက်များပင် ထားရှိခဲ့သည်ဆိုသည်။ ဧရာဝတီမြစ်တစ်ဖက်ကမ်း၌လည်း ခံတပ်တစ်ခုရှိသည်။ ယင်းခံတပ်ကို ငွေးချောင်းခံတပ်ဟု ခေါ်သည်။ မင်းလှခံတပ်က မြေကြီးပေါ်တွင် တည်ဆောက်ထားသည့် ခံတပ်ဖြစ်ပြီး ငွေးချောင်းခံတပ်က မြေတွင်းခံတပ်ဖြစ်သည်။ ခံတပ်နှစ်ခုလုံးကို ၁၈၆၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ပြီး ၁၈၆၃ ခုနှစ်တွင် အပြီးသတ်သည်။ ပြင်သစ်အင်ဂျင်နီယာတစ်ဦးနှင့် အီတာလျံအင်ဂျင်နီယာတစ်ဦး၊ မြန်မာစစ်ဘက်အင်ဂျင်နီယာများနှင့် ပူးပေါင်းပြီး တည်ဆောက်ကြသည်ဟု အဆိုရှိသည်။

ကျွန်တော် ခံတပ်ကြီး၏ အပေါ်ထပ်သို့ လှေကားမှ တက်သွားသည်။ နေဝင်ရီတရောအချိန်ရှိနေပြီဖြစ်၍ ခံတပ်ကြီးထဲတွင် လူတစ်ယောက်မျှ မရှိတော့။ ခံတပ်ကြီးထဲတွင် တစ်ယောက်တည်း အနှံ့အပြား လျှောက်ကြည့်သည်။ လှေကားတစ်ခုမှတက်ပြီး လှေကားတစ်ခုမှ ဆင်းကြည့်သည်။ ခံတပ်အပေါ်ထပ်မှ အရှေ့ဘက်ကမ်းစပ် လှမ်းကြည့်လိုက်သည့်အခါ မြစ်ဆိပ်တွင် လူလေးငါးဦး ရေချိုးနေကြသည်။ အနောက်ဘက် ဝင်လုဆဲနေ၏ အရောင်သည် မြစ်ပြင်ထဲ ဖြာကျနေသည်။ နီရဲသောနေရောင် ရောင်ပြန်ဟပ်ထားသဖြင့် ရေပြင်တွင် နီရောင်သန်းနေသည်။

ကျွန်တော် ခံတပ်အပေါ်က မြစ်ပင်ဘက် လှမ်းကြည့်နေမိသည်။ ကြည့်ရင်းကြည့်ရင်း ကျွန်တော်၏အာရုံထဲတွင် ရေချိုးနေကြသည့်လူများ ပျောက်ကွယ်သွားကြသည်။ မြစ်ရေပြင်ထဲတွင် တောက်ပနေသည့် နီကြင်ကြင်အရောင်သည်လည်း သွေးရောင်အဖြစ် ပြောင်းသွားသည်။ အင်္ဂလိပ်စစ်သင်္ဘောများ ချီတက်လာကြသည်။ မြန်မာစစ်တပ်က ဤနေရာမှ ဆီးကြို

mgyoe.com

mgyoe.com

တိုက်ခိုက်ကြသည်။ နှစ်ဖက်လုံးမှ ကျဆုံးသွားကြသည့် တပ်သားများ၏ ဒဏ်ရာမှ စီးကျလာသော သွေးများသည် မြစ်ရေထဲတွင် လွှမ်းသွားသည်။ မြစ်ရေသည် သွေးခြင်းခြင်း နီသွားသည်။

ကျွန်တော့်အာရုံသည် အတိတ်ဆီသို့ ရောက်သွားသည်။ အင်္ဂလိပ် မြန်မာ တတိယစစ်ပွဲကို မြင်လာသည်။ မင်းလှခံတပ်က ခုခံတိုက်ခိုက်သည့် မြန်မာသူရဲကောင်းများ၏ စွန့်စားမှု စိတ်ထဲပေါ်လာသည်။ ကျွန်တော့် ရှေ့တွင် တွေ့မြင်နေရသော နေရောင်ခြည်ဟပ်သဖြင့် နီရောင်သန်းနေသည့် ရေပြင်ကိုလည်း သွေးချောင်းစီးနေသည့် ရေပြင်ဟုပင် ထင်မှတ်နေမိသည်။ ဤနေရာ ဤမြစ်ပြင်၌ တစ်ခါက သွေးချောင်းစီးခဲ့ပေလိမ့်မည်။

မင်းလှသည် တစ်ပတ်ခန့်ကြာပြီဖြစ်သည့် ကျွန်တော်တို့ စာပေခရီး၏ အပြီးသတ်စခန်းဖြစ်သည်။ နောက်တစ်နေ့ (၂-၁၂-၇၉) တွင် တိမ်ယဉ် သင်္ဘောဖြင့် ပြည်မြို့သို့ စုန်ဆင်းလာခဲ့သည်။ တစ်နေ့လုံး သင်္ဘောပေါ် လိုက်ပါလာခဲ့ရသော်လည်း သာယာလှပသော ဧရာဝတီမြစ်ကြောင်းခရီး၏ ပတ်ဝန်းကျင်ရှုခင်းကိုကြည့်ရင်း လိုက်ပါလာခဲ့ကြရာ အချိန်ကုန်မှန်းပင် မသိလိုက်ကြပေ။

စာရေးဆရာတို့သည် စာဆိုတော်ခရီးကို အကြောင်းပြု၍ ဒေသန္တရ ဗဟုသုတ ရကြသည်။ ပြည်သူ့ဘဝနှင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ထိတွေ့ကြရသည်။ မိမိတို့ တွေ့ကြုံရသည့် အတွေ့အကြုံကို အရင်းခံ၍ စာပေကို ပြုစုပါမှ ပြည်သူကို ကျေးဇူးတုံ့ပြန်ရာ ရောက်ပေမည်။

မိုးဝေ စာပေမဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

## ရွှေတောင် သို့မဟုတ် တာရာဏာသီ

"ဆရာမ၊ သခင်စောကြီးဆိုတာ ကြားဖူးလား။ ဝံသာနုလက်ဟောင်းကြီးပေါ့။ တို့ဗမာအစည်းအရုံးပေါ်လာတော့ တို့ဗမာအစည်းအရုံးဝင်သခင်ဖြစ်လာတယ်။ သခင်ဖြစ်လာတော့လည်း ရှေ့တန်းသခင် ခေါင်းဆောင်တစ်ဦးပဲ။ သူတော့ အခုမရှိတော့ဘူး။ မကြာသေးခင်ကပဲ သူ့ဇနီးလားမသိဘူး။ ငွေကြေးအတော်များများကို ဆေးရုံတို့ဘာတို့အတွက် ရက်ရက်ရောရောခွဲဝေလှူဒါန်းတာ သတင်းစာထဲမှာ တွေ့လိုက်ရတယ်။ သခင်စောကြီးဟာ ပုံသေချုပ်ထားတဲ့ ပင်နီခေါင်းပေါင်းကို အမြဲပေါင်းထားလေ့ရှိတယ်။ သူ့ဇာတိက ဒီစစ်ကွင်းပဲ"

ကျွန်တော်တို့ စီးလာသည့်ကားသည် ရန်ကုန်–ပြည်ကားလမ်းတစ်လျှောက်ရှိ မြို့များကို တစ်မြို့ပြီးတစ်မြို့ ဖြတ်ခဲ့သည်။ စစ်ကွင်းအရောက်တွင် စစ်ကွင်းသား သခင်စောကြီးကို သွားသတိရသဖြင့် အတူပါလာသည့်ဆရာမဒေါ်ခင်ဆွေဦးအား သခင်စောကြီးအကြောင်း ပြောပြရသည်။ ကြို့ပင်ကောက် ဖြတ်သွားချိန်၌လည်း ကြို့ပင်ကောက်သား စာရေးဆရာ၊ သတင်းစာဆရာတစ်ဦးကို သတိရသည်။ ပေါင်းတည်ရောက်တော့လည်း ပေါင်းတည်သား စာရေးဆရာများ ခေါင်းထဲဝင်လာသည်။ မင်းလှရောက်တော့လည်း မင်းလှလေးလောင်းပြိုင်အကြောင်း အတွေးထဲပေါ်လာသည်။ ပုတီးကုန်းအရောက်တွင်လည်း ပုတီးကုန်းသား သခင်ထွန်းအုပ်ကို မြင်ယောင်လာသည်။

mgyoe.com

mgyoe.com

ဤလမ်းဤခရီးသို့ ကားနှင့်လာသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သဖြင့် မြင်တွေ့ရသမျှ မြင်ကွင်းများသည် အသစ်အဆန်းချည်းဖြစ်နေသည်။ မြန်မာပြည်၏ အရိုးဆုံးမြင်ကွင်းဖြစ်သည့် စိမ်းလန်းသော စိုက်ခင်းများသည်ပင် မမြင်ရသည်မှာ ကြာပြီဖြစ်၍ ကြည့်မငြီး ရှုမငြီးဖြစ်နေသည်။ ရန်ကုန်ပြည်ကားလမ်းသည် လယ်ကွင်းလယ်ကွက်များထဲမှ ဖြတ်သွားသဖြင့် ကားလမ်းဘေးနှစ်ဖက်၌ စိုက်ပြီးစ စိမ်းလန်းစိုပြည်သော လယ်ကွင်းများသည် မျက်စိတစ်ဆုံး မျှော်မဆုံး ရှုမဆုံးဖြစ်နေသည်။ အချို့လယ်ကွင်းများကား စိုက်လက်စတန်းလန်းပင် ရှိသေးသည်။ အချို့လယ်ကွင်းများ၌ ကောက်စိုက်သူမများ အလံကို လွှင့်ထူပြီး အုပ်နှင့် လယ်ကွင်းရှိရာသို့ သွားနေကြသည်ကိုလည်းကောင်း၊ လယ်ကွင်းမှ ပြန်လာကြသည်ကိုလည်းကောင်း တွေ့ရသည်။ 'အထွက်တိုး' လား၊ 'စုပေါင်းလယ်ယာ' လား အသေအချာမပြောတတ်။

ကျွန်တော်တို့ကားသည် ရန်ကုန်မှ နံနက် ၁၀ နာရီတွင် ထွက်လာခဲ့သည်။ ရွှေတောင်မြို့ ဒေသကောလိပ်မှ စာပေဟောပြောပွဲဖိတ်သဖြင့် ကျွန်တော်နှင့် ဆရာမင်းယုဝေ၊ ဆရာတက္ကသိုလ်ဝင်းမွန် (အောင်ခန့်)၊ ဆရာမ ဒေါ်ခင်ဆွေဦးတို့ ခရီးထွက်လာကြခြင်း ဖြစ်သည်။ တစ်နေ့လုံးလိုလို ကားစီးလာရသဖြင့် လူတွေ ငြီးငွေ့လာကြပြီ။ ရန်ကုန်ပြည် သမဝါယမကားကလည်း အေးအေးမှန်မှန်ပင် မောင်းနေသည်။ လမ်းတွင် ခရီးသည် တွေ့ပါကလည်း ရပ်ပြီးတင်သေးသည်။ ရန်ကုန်မှ လိုက်ပါလာကြသူများ နေရာကောင်းကောင်းရ၍ တော်သေးသည်။ ကားပေါ်တွင် စကားတပြောပြောနှင့် ပါလာသူများရှိသလို ငိုက်လာသူများလည်း ရှိသည်။ ကျွန်တော်တို့ လူသိုက်ထဲတွင်လည်း ငိုက်သူကငိုက်၊ စကားပြောသူကပြော၊ ငေးမောနေသူက ငေးမောနေသည်။ တက္ကသိုလ်ဝင်းမွန်သည် ပုတီးစိပ်ရင်းငိုက်နေရာ တစ်ချိန်တွင် ဘေးဘက်သို့ ယိုင်လဲကျသွားသဖြင့် ဘေးတစ်ဖက်မှ အမျိုးသမီးတစ်ဦးက လှမ်းဆွဲထားလိုက်ရသည်။

ညနေ ၆ နာရီထိုးခါနီးကျမှပင် ကျွန်တော်တို့ ရွှေတောင်ရောက်သည်။ ဒေသကောလိပ်သည် ကားလမ်းဘေး၌ပင် ရှိသည်။ ဆရာ၊ ဆရာမများက ကြိုနေကြသည်။ ဒေသကောလိပ်ဆို၍ ကြီးကြီး မအောက်မေ့လိုက်ပါနှင့်။

mgyoe.com

mgyoe.com
ရန်ကုန်ရှိ အထက်တန်းကျောင်းများလောက်ပင် မသားနားပေ။ ရွှေတောင် အထက်တန်းကျောင်း၌ပင်ဖြစ်သလို ဖွင့်ထားရခြင်းဖြစ်သည်။ စောစောပိုင်းက ဤအဆောက်အအုံတစ်ခုတည်း၌ပင် အထက်တန်းကျောင်းရော၊ ဒေသ ကောလိပ်ရော ရောပြီးဖွင့်ရသည်။ ယခုမှသာ ဒေသကောလိပ်သီးသန့် ဖြစ် လာရခြင်းဖြစ်သည်။ အထက်တန်းကျောင်းကို တခြားရွှေ့လိုက်သည်။ ကျောင်းအဆောက်အအုံနှင့် ကျောင်းဝင်းမှာ ကျယ်ကျယ်ဝန်းဝန်းမဟုတ်။ နောက်ဘက်က လယ်ကွင်း၊ ရှေ့ဘက်က ရန်ကုန်–ပြည် ကားလမ်းမ။ ကျောင်း၏ ကစားကွင်းမှာ ကျောင်းရှေ့ရှိ ကျဉ်းမြောင်းသော ကွက်လပ် ကလေးသာဖြစ်သည်။ ရွှံ့ဗွက်အပြည့်ရှိနေသော ယင်းကစားကွင်း ကျဉ်း ကျဉ်းကလေးထဲမှာပင် ကျောင်းသားများ ဘောလုံးကစားနေကြရရှာသည်။ ကျောင်းနောက်က ကပ်လျက်ရှိနေသည့် လယ်ကွင်းမှာမူ စိုက်ပျိုးရေးယူသည့် ကျောင်းသားများနှင့် အံကိုက်ဖြစ်နေသည်။ ယင်းလယ်ကွက်ထဲ၌ပင် ကျောင်း သူကလေးများ ကောက်စိုက်ကြသည်။

ကျွန်တော်တို့တွေ့ခဲ့ရသည့် ဆရာ၊ ဆရာမများမှာ အိမ်ထောင် မိသားစုနှင့် ခွဲခွာပြီး ရပ်ဝေးမှ လာရောက်နေကြရသည့် ဆရာ၊ ဆရာမများသာ ဖြစ်သည်။ ဆရာ ဆရာမများသည် တစ်ဦးနှင့်တစ်ဦး ခင်မင်ကြသည်။ ရိုင်းပင်းကြသည်။ ညီအစ်ကို မောင်နှမသဖွယ် ဆက်ဆံကြသည်။ မြို့ထဲတွင် အိမ်ခန်းငှားပြီး နေကြသည်။ ကိုယ်တိုင်ချက်စားသူက စားပြီး လခပေးစားသူ က စားကြသည်။ သားတစ်ကွဲမယားတစ်ကွဲ လာနေကြရသဖြင့် ဖြစ်သလိုပင် နေကြရသည်။ ဆရာမများက တစ်ခါတစ်ရံ ဆရာများအတွက် ချက်ပြုတ် ပေးကြသည်။ ဆရာဆရာမများသည် များသောအားဖြင့် လူလွတ်များ မဟုတ်ကြ။ အိမ်ထောင်ကိုယ်စီ ရှိကြသည်။ သို့သော် သူတို့၏အိမ်ထောင်ကို အဝေးတွင် ထားခဲ့ကြရသည်။

"ကျွန်မတို့ ရောက်စနှစ်က နေလို့ကိုမဖြစ်ဘူး။ အားတဲ့နေ့ရောက်ရင် စိတ်ပြေလက်ပျောက် လျှောက်လည်နေကြတယ်။ အိမ်နဲ့ခွဲပြီးလာခဲ့ရတာက လည်း ပထမဆုံးအကြိမ်ဖြစ်လေတော့ အိမ်က ကလေးတွေကို သိပ် အောက်မေ့ တာပဲ။ ကျွန်မတို့ ဆရာဆရာမတွေ တစ်နေ့ 'ရွှေခြည်ငွေခြည်တန်းပါလို့' ဆိုတဲ့ ရုပ်ရှင်သွားကြည့်ကြတယ်။ ရုပ်ရှင်ထဲမှာ ကလေးကို သွားတွေ့ရတော့

mgyoe.com

mgyoe.com
မျက်ရည်မဆည်နိုင်တော့ဘူး။ ဒါနဲ့ ရုပ်ရှင်ကို ဆက်ကြည့်လို့မရတော့တာနဲ့ ရုပ်ရှင်မပြီးခင်ဘဲ ရုပ်ရှင်ရုံထဲက ထွက်လာရတယ်။ ကျွန်မတင်မဟုတ်၊ တခြားဆရာမတွေ ကြည့်လိုက်တော့လည်း မျက်ရည်နဲ့ မျက်ခွက်ချည်းပဲ"

ရွှေတောင်ရောက်ပြီး နောက်တစ်နေ့ညနေတွင် ကျွန်တော်တို့ ရွှေတောင်မြစ်ကမ်း သွားကြည့်ကြသည်။ နေသည် အနောက်ဘက်တောစပ်တွင် မေးတင်နေပြီ။ ဆည်းဆာရောင်ကြောင့် စိမ်းလန်းညိုပြာသော ရောဝတီမြစ်ရေသည် ပတ္တမြားအသွေးဆောင်နေသည်။ ရေစီးကြောင်းကလေးများသည် မြစ်လယ်မှ သောင်ကို ကွေ့ပတ်ပြီး စီးဆင်းနေကြသည်။ ကျွန်တော်နှင့် တက္ကသိုလ်ဝင်းမွန်သည် မြစ်ကမ်းဘေးရှိ သစ်တုံးကြီးတစ်ခုပေါ်တွင် ထိုင်ပြီး မြစ်ဘက် ငေးကြည့်နေသည်။ ကျွန်တော်တို့အနားလာပြီး ဆရာမတစ်ဦးက သူ၏ ကရုဏာပုံပြင်ကို ပြောပြနေသည်။ တက္ကသိုလ်ဝင်းမွန်သည်လည်း တက္ကသိုလ်ဆရာတစ်ဦးပင် ဖြစ်သည်။ ယင်းအဖြစ်မျိုး သူလည်း ကိုယ်တွေ့ ဖြစ်သည်။ ထို့ကြောင့် ကိုယ်ချင်းစာနာနေပုံရသည်။ ကိုယ်တွေ့မဟုတ်သည့်တိုင် ကျွန်တော်လည်း ထိုဆရာမကို ကရုဏာမသက်မိဘဲ မနေနိုင်။

"အခုတော့လည်း အဲဒါလောက် မဟုတ်တော့ပါဘူး။ နေသား တော်တော်ကျသွားပါပြီ"

သူ၏ နိဂုံးချုပ်စကားကို ကြားရတော့မှ ကျွန်တော်တို့လည်း နေသာထိုင်သာ ရှိသွားကြသည်။

ကျွန်တော်တို့ ဩဂုတ် ၁၁ ရက် ညနေတွင် ရွှေတောင်သို့ ရောက်သည်။ ထိုနေ့ညတွင် နားကြ၏။ ၁၂ ရက်နေ့နံနက်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဇာတိဖြစ်သည့် ဝါးလည်ရွာသို့ ဆရာ၊ ဆရာမများက လိုက်ပို့ကြသည်။ ဝါးလည်ရွာသို့မသွားခင် ရွှေတောင်ဈေးထဲသွားပြီး အိုစကာ ခေါက်ဆွဲ စားကြသည်။ ဂျပန်ပြည် အိုစကာပြပွဲ၌ သွားရောင်းသည့် ခေါက်ဆွဲဖြစ်၍ 'အိုစကာခေါက်ဆွဲ' ဟု တွင်နေခြင်းဖြစ်သည်။

ဝါးလည်ရွာသည် ရွှေတောင်သို့မရောက်ခင် လေးမိုင်အလိုလောက်တွင်ရှိသည်။ ရန်ကုန်–ပြည် ကားလမ်းဘေးတွင်ပင် ရှိသည်။ စိုက်ထူထားသည့်ဆိုင်းဘုတ်ကို ယမန်နေ့ အလာတုန်းကပင် ကားပေါ်မှ မြင်ခဲ့ပြီးဖြစ်သည်။ ဝါးလည်ရွာအသွား ကားပေါ်၌ ကျွန်တော်တို့လေးဦးနှင့်အတူ ဒေသ
mgyoe.com

mgyoe.com

ကောလိပ်မှ ဆရာတစ်ဦး၊ ဆရာမသုံးဦးတို့လည်း ပါလာကြ၏။ ဆရာမှာ နိုင်ငံရေးသိပ္ပံဆရာ ဦးညွန့်သောင်းဖြစ်သည်။ ဦးညွန့်သောင်းသည် မြန်မာစာဆရာအဖြစ်မှ နိုင်ငံရေးသိပ္ပံဆရာအဖြစ် ပြောင်းလာခဲ့သူ ဖြစ်သည်။ စာပေဟောပြောပွဲ ကမကထလုပ်သူ ဆရာတစ်ဦး ဖြစ်သည်။ ဆရာမသုံးဦးအနက် တစ်ဦးမှာ သမိုင်းဌာနမှူး ဒေါ်မြမြဖြစ်သည်။ ဒေါ်မြမြ သည် တစ်ခါက 'စီလေး' ဟူသောအမည်ဖြင့် အဆိုကျော်တစ်ဦးဖြစ်ခဲ့သည်။ တက္ကသိုလ်ပရိဝုဏ်ထဲက ထွက်လာခဲ့သည့် အဆိုကျော်များအနက် ထင်ရှား သည့် အဆိုကျော်တစ်ဦး ဖြစ်သည်။ နောက် ဆရာမတစ်ဦးမှာ ဓာတုဗေဒ ဌာနမှူး ဒေါ်ဝင်းဝင်းဖြစ်သည်။ ဒေါ်ဝင်းဝင်းသည် ရုပ်ရှင်မင်းသား ခင်မောင်ချင်း ၏အစ်မဖြစ်သည်။ တတိယဆရာမ၏အမည်မှာ ဒေါ်အေးကြည်ဖြစ်သည်။ ဒေါ်အေးကြည်သည် သမိုင်းဆရာမဖြစ်သည်။

"ကျွန်မက ပါရဂူဆိုတဲ့ စာရေးဆရာဟာ ကုလားကြီးလို့ မှတ်နေတာ"

ကားပေါ်တွင် ဆရာမဒေါ်မြမြက ကျွန်တော့်ကိုကြည့်ပြီး ပြောလိုက် သည်။ အားလုံးက ဝိုင်းရယ်ကြသည်။ ကျွန်တော့်ကို မယုံသင်္ကာရှိ၍လား မသိ၊ ကားပေါ်ပါလာသည့် အခြားတစ်ယောက်က ကျွန်တော့်ကို မေးခွန်း ထုတ်သည်။

"ဆရာ၊ ဗမာကောစစ်ရဲ့လား"

"ကျွန်တော် ဗမာမစစ်ဘူး"

"နို့၊ ဘာလူမျိုးလဲ"

"ကျွန်တော့်ဘိုးဘေးတွေက မွန်လူမျိုး"

"ဒီလိုဆိုရင် ပိုပြီးဗမာစစ်တာပေါ့"

ဆရာမ ဒေါ်ခင်ဆွေဦးက မှတ်ချက်ချလိုက်သည်။ ဆရာမဒေါ်မြမြ သည် ထိုမျှနှင့် ရပ်မနေသေးပေ။ စကားဆက်ပြန်သည်။

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်လောက်တုန်းက ကျွန်မ တက္ကသိုလ်မှာ ဆရာမဖြစ်စအချိန်၊ တစ်နေ့ ဆရာပါရဂူ ကျွန်မကို တယ်လီ ဖုန်းဆက်တယ်။ ကျွန်မ ဖုန်းကောက်ကိုင်လိုက်တော့ တစ်ဖက်က စကားပြော သူက ကျွန်တော် စာရေးဆရာ ပါရဂူပါတဲ့"

ကျွန်တော် မျက်လုံးပြူးသွား၏။ အားလုံးကလည်း ကျွန်တော့်ကို

mgyoe.com

mgyoe.com


ဝိုင်းကြည့်ကြသည်။ အတိတ်ကို အာရုံပြုကြည့်မိသည်။ ဆရာမပြောသည်မှာ မမှားပါ။ ဆရာမသည် မှတ်ဉာဏ်ကောင်းပုံရသည်။ လွန်ခဲ့သည့် နှစ်များစွာက အသေးအဖွဲ့ကိစ္စကလေးကိုပင် မှတ်မိနေသည်။

လွန်ခဲ့သည့် ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်ခန့်က ဖြစ်သည်။ ကျွန်တော် နေထိုင်သည့် ဗဟန်းနယ်မြေ၌ စာဆိုတော်နေ့ ကျင်းပပြုလုပ်သည်။ စာဆိုတော်ကော်မတီတွင် ကျွန်တော်က ဥက္ကဋ္ဌ။ စာဆိုတော်နေ့တွင် ဂီတပညာရှင်များကတစ်ဖက်၊ ရုပ်ရှင်ပညာရှင်များကတစ်ဖက် စကားရည်လုပွဲ အစီအစဉ် တစ်ခုပါသည်။ စာဆိုတော်ပွဲနှင့် စပ်လျဉ်း၍ လုပ်စရာရှိသရွေ့ကို အတွင်းရေးမှူးကသာ ဒိုင်ခံပြီးလုပ်သည်။

"ဆရာပါ့နာမည်ကိုသုံးပြီး ဆရာပါ့အပြောနဲ့ ကျွန်တော် အဆိုတော်စီလေးကို ဂီတပညာရှင်တွေဘက်က ပါဝင်ပြီး စကားရည်လုဖို့ တယ်လီဖုန်းဆက်ကြည့်တယ်"

အတွင်းရေးမှူးလုပ်သူက သူ တယ်လီဖုန်းဆက်ပြီးမှ ကျွန်တော့်ကို လာပြောသည်။

"ဟာ၊ ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ကိုယ့်နာမည်နဲ့ကိုယ် ဘာဖြစ်လို့ မပြောတာလဲ"

"ဆရာပါက 'ဝိတ်' ရှိတယ်။ ဝိတ်ရှိတဲ့လူရဲ့ အပြောနဲ့ပြောရင် ရမလားလို့"

"နို့၊ ရရဲ့လား"

"မရဘူး"

ဆရာမဒေါ်မြမြသည် ကျွန်တော်နှင့်ဆုံသောအခါ ထိုအဖြစ်အပျက် ခေါင်းထဲပြန်ပေါ်လာပုံရသည်။ ထိုစဉ်က ဆရာမသည် ဆရာမဖြစ်စ တက္ကသိုလ်ဝင်းအတွင်း 'ချုန်မရီ' ၌ နေသည်ထင်သည်။ ယခုတော့ ဆရာမသည် ကလေးသုံးယောက်၏မိခင် ဒေသကောလိပ်သမိုင်းဌာနမှူး ဆရာမကြီးဖြစ်နေပြီ။

ဝါးလည်ရွာတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ 'မြစ်' နှင့် ပုဂ္ဂိုလ်အချို့က ကားလမ်းတွင်ထွက်ပြီး ကျွန်တော်တို့ကို ကြိုနေသည်။ ဒေသကောလိပ်ဆရာများက ကြိုတင် အကြောင်းကြားထားသဖြင့် သူတို့ သိနှင့်နေကြခြင်းဖြစ်၏။ ဝါးလည်ရွာတွင် စိုက်ထူထားသော "ဆရာကြီး သခင်ကိုယ်

mgyoe.com

mgyoe.com


တော်မှိုင်း မွေးဖွားရာဇာတိ ဝါးလည်ရွာ" ဟု စာတန်းထိုးထားသည့် ဆိုင်းဘုတ်တစ်ခုသာလျှင် ဆရာကြီး၏ အထိမ်းအမှတ်အဖြစ် ရှိနေသည်ကို တွေ့ရသည်။ ဝါးလည်ရွာထဲ အတန်ငယ် ဝင်သွားသောအခါ ဆရာကြီးငယ်စဉ်က နေသွားခဲ့သည့် အိမ်နေရာကို တွေ့ရသည်။ ယခင်အိမ်ဟောင်း မရှိတော့။ နောက်ထပ်ဆောက်ထားသည့် အိမ်အဆောက်အအုံသာ ရှိသည်။ ကျွန်တော်တို့ကို ဆရာကြီး၏ မြေးဝမ်းကွဲတော်သူ၏အိမ်၌ ဧည့်ခံသည်။ နွားနို့စစ်စစ်၊ ပြောင်းဖူးပြုတ်၊ ခမသီးခေါ် သခွားသီး အချိုသီး စသော တောအစားအစာ လတ်လတ်ဆတ်ဆတ်တို့ကို ကျွေးမွေးသည်။ ဆရာကြီး၏ ဆွေမျိုးများ ဧည့်ဝတ်ကျေပွန်သည်။ ထိုအိမ်၌ပင် ရှေ့မီနောက်မီ ဆရာကြီး၏ တူတော်သူ ဦးကြီးတစ်ယောက်ကို တွေ့ခဲ့ရသည်။ သူ၏အမည်မှာ ဦးသိမ်းမောင်ဟု ခေါ်သည်။ အသက် ၇၇ နှစ်ရှိပြီ။ ကျွန်တော်တို့မေးလျှင် ပြောနိုင်ဆိုနိုင်ရှိအောင် အိမ်ရှင်များက ဦးသိမ်းမောင်ကို ကြိုတင် အကြောင်းကြားထားခြင်း ဖြစ်သည်။ ဦးသိမ်းမောင်သည် ကျွန်တော်တို့တွေ့ရန် လယ်ထဲက ထလာခြင်း ဖြစ်သည်။ အသက် ၇၇ နှစ်ရှိပြီဖြစ်သော်လည်း လယ်ထဲ အဆင်းမပျက်။ အသားရောင်မှာ နေရောင်စားထားသဖြင့် မွဲခြောက်ခြောက်ဖြစ်နေသည်။ အသွေးမပေါ်တော့သည့် သူ၏ ကာကီရောင်အင်္ကျီမှာ လက်နှစ်ဖက်လုံး ပြတ်နေသည့်အပြင် ကိုယ်ထည်တွင်လည်း နေရာအနှံ့အပြား စုတ်ပြဲနေသည်။ ဦးသိမ်းမောင်သည် ကျွန်တော်တို့မေးသမျှ စိတ်ရှည်လက်ရှည် ပြောပြသည်။

"ဦးကြီးခင်ဗျာ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ငယ်တုန်းက ကိုရင်အဖြစ်နဲ့သာ နေခဲ့တာလား၊ ရဟန်းဘဝကိုကော ရောက်ခဲ့သေးသလား"

ယုန်ထင်ကြောင်ထင်ဖြစ်နေရသည့် ဆရာကြီး၏ တစ်ကွက်နှင့် စပ်လျဉ်း၍ ကျွန်တော်က မေးကြည့်သည်။

"ရဟန်းဘဝ ရောက်တာပေ့ါ။ ပဉ္စင်းအဖြစ်နဲ့ မော်လမြိုင်သွားတယ်။ မော်လမြိုင်ကျမှ လူဝတ်လဲလိုက်တယ်"

အခြားမေးခွန်းတစ်ခုကို မေးကြည့်ပြန်သည်။

"ဆရာကြီးရဲ့ ဒီမွေးရာဇာတိကို နိုင်ငံခြားသားတွေ လာကြည့်တာ များ ရှိသလား"

mgyoe.com

mgyoe.com

"တစ်ခါတုန်းကတော့ ဂျာမနီကဆိုလား မျက်နှာဖြူအမျိုးသမီးနဲ့ သူ့အဖော် လာကြည့်ဖူးတယ်။ ဒီပြင်တော့ လာတာမရှိပါဘူး"

ဦးသိမ်းမောင်သည် ထိုမေးခွန်းကိုဖြေရင်း ဆက်ပြောသည်။

"ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိရေးဖို့ ဒေါ်အမာ ဒီကိုလာပြီး လေ့လာတယ်။ ဒီမှာ တစ်လလောက်တောင် ကြာသွားတယ်"

"ရန်ကုန်ရောက်ရင် ဆရာတို့ ကိုယောကိုဖြစ်ဖြစ်၊ ဆရာကြီး ဂုဏ်မာန် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်ဖြစ် ပြောပေးပါ။ ဆရာကြီးရဲ့ဇာတိ ဒီဝါးလည် ရွာမှာ ဆရာကြီးရဲ့ အထိမ်းအမှတ်အနေနဲ့ ဘာတစ်ခုမှ မည်မည်ရရ မရှိသေးပါဘူး။ ရန်ပုံငွေရှိသေးရင်လည်း ရှိတဲ့ရန်ပုံငွေနဲ့ဖြစ်ဖြစ် ဒါမှမဟုတ်လည်း အသစ်ကောက်ခံပြီးတော့ဖြစ်ဖြစ် ဆရာကြီးအထိမ်းအမှတ်အနေနဲ့ သူ မွေးဖွား ခဲ့တဲ့နေရာမှာ စာကြည့်တိုက်ဖြစ်ဖြစ် လာတည်ထောင်ပေးကြပါလို့ ဆရာကြီး ဆွေမျိုးတွေရဲ့ကိုယ်စား ဝါးလည်ရွာသားအနေနဲ့ မှာလိုက်ပါရစေ"

ဦးသိမ်းမောင်ပြောသည်မှာ မှန်သည်။ ဆရာကြီး၏ ဇာတိရွာ၌ ဆရာကြီးအထိမ်းအမှတ်တစ်ခု မည်မည်ရရရှိဖို့သင့်သည်။ ဆရာကြီး ကွယ်လွန်စက တစ်ခုခုလုပ်မည်ဟု သတင်းသန့်သန့် ကြားလိုက်ရသည်။ နောက်တော့လည်း ဆိုင်းဘုတ်ကလေး စိုက်ထူတာလောက်နှင့် ပြီးသွားသည်ထင်သည်။ စာကြည့်တိုက်ထောင်ပေးလျှင်မူ အရှည်ထိန်းသိမ်းဖို့ လိုလာလိမ့်မည်။ စာကြည့်တိုက်အစား အရှည်တည်တံ့နေမည့် ကျောက်တိုင်လိုအရာမျိုး စိုက်ထူထားသင့်သည်။

ကျွန်တော်တို့ ဝါးလည်ရွာမှ ပြန်လာခဲ့သည်။

ရွှေတောင်မြို့နယ်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မွေးရပ်ဇာတိဖြစ်ရုံမက ဇိနတ္ထပကာသနီ စသော ကျမ်းဂန်များကို ပြုစုသွားသည့် ကျီးသဲလေးထပ်ဆရာတော်၏ မွေးရာဇာတိလည်း ဖြစ်သည်။ ထိုမျှသာမက မင်းတုန်းမင်းလက်ထက်က ထင်ရှားကျော်စောသော မင်းတုန်းဘုရင်ကို ပြန်လှန်ဝေဖန်သဖြင့် ဗန်းမော်သို့ နယ်အနှင်ခံရသော စာအချိုး နာမည်ကျော်သည့် မဟုတ်မခံ ဆတ်ဆတ်ကြဲ စာတတ်အကျော် ဗန်းမော်ဆရာတော်၏ မွေးရပ်နယ်မြေလည်း ဖြစ်သည်။

ဝါးလည်ရွာမှအပြန်တွင် ရွှေနတ်တောင်ဘုရား ဝင်ဖူးသည်။ ရွှေနတ်

mgyoe.com

mgyoe.com

တောင်ဘုရားသည် မြန်မာနိုင်ငံရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများထဲတွင် တစ်ဆူအပါအဝင် ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း တပေါင်းလတွင် ဘုရားပွဲ ကျင်းပသည်။

ရွှေနတ်တောင်ဘုရားသည် ဒွတ္တပေါင်မင်းကြီး၊ တရုတ်ပြေးမင်း၏ သားတော် ပြည်စားသီဟသူ၊ တပင်ရွှေထီး၊ ဘိုးတော်ဘုရားလက်ထက် သားတော်အိမ်ရှေ့မင်း၊ ယင်းမင်းစိုးမင်းရာဇာအဆက်ဆက်တို့ ပြုပြင်မွမ်းမံ တည်လာခဲ့ကြရာ ယခုအခါတွင် ထီးတော်မပါ ဉာဏ်တော် ၆၄ တောင် ရှိသည်။ ထီးတော်အပါအဝင် ရေတွက်မူအတောင် ၈၀ မြင့်သည်။ ဘုရား ပတ်ဝန်းကျင်သည် တိတ်ဆိတ်အေးချမ်းလှသည်။ သူတော်သူမြတ်တို့ နားခိုရာဖြစ်သည်။

ရွှေနတ်တောင်ဘုရားကို ကျွန်တော်တို့ဖူးနေစဉ် တက္ကသိုလ်ဝင်းမွန် ပျောက်သွား၏။ တက္ကသိုလ်ဝင်းမွန်သည် ကျွန်တော်တို့ထဲတွင် အထူးခြားဆုံး ပုဂ္ဂိုလ်ဖြစ်၏။ ပထမထူးခြားချက်မှာ ကျွန်တော်တို့ထဲတွင် အစားအကောင်း ဆုံးဖြစ်သည်။ ကျွန်တော်တို့ ရွှေတောင်အလာ သုံးဆယ်တွင် ကားရပ်ပြီး ထမင်းဆိုင်တွင် နေ့လယ်စာ ထမင်းစားကြ၏။ အိမ်က စားလာပြီးပြီဖြစ်၍ သူမစားတော့ဘူးဟု ပထမ ဆရာဝင်းမွန် အင်တင်တင်လုပ်နေသည်။ ကျွန်တော်တို့က စားပါဟု အတင်းတိုက်တွန်းသောအခါ သူပါဝင်စားသည်။ ကျွန်တော်တို့ စားမည်လုပ်ခါရှိသေး သူတစ်ပန်းကန် ချောသွားသည်။ ထမင်းပွဲသိမ်းသည့်အခါ အိမ်က ဘာမှစားမလာသည့် ကျွန်တော်တို့က တစ်ပန်းကန်သာကုန်သည်။ သူကမူ နှစ်ပန်းကန်သုံးပန်းကန် ပြောင်သွား သည်။

တက္ကသိုလ်ဝင်းမွန်သည် ကျွန်တော်တို့ထဲတွင် သဒ္ဓါတရား အကောင်း ဆုံး၊ ဘုရားတရား အကြည်ညိုဆုံးလည်းဖြစ်၏။ တစ်ခါက သူနှင့်ကျွန်တော် တို့ ကျိုက်ထီးရိုးဘုရား အတူသွားဖူးသည်။ ကျိုက်ထီးရိုးဘုရားတွင် ကျွန်တော်တို့ အိပ်ကောင်းနေတုန်း သူက မနက်အစောကြီးထပြီး ဘုရားဆွမ်း တော်ကပ်နေသည်။ ယခုလည်း သူ့လွယ်အိတ်ထဲတွင် ဘီစကစ်မုန့်ထုပ်တွေ အပြည့်ပါလာသည်။ လမ်းတွင် မင်းယုဝေက သူ့လွယ်အိတ်ထဲက ဘီစကစ် မုန့်ကို နှိုက်စားမည်လုပ်သောအခါ သူက ပျာပျာသလဲ ဟန့်တား၏။

mgyoe.com

mgyoe.com

"ဟာ မလုပ်နဲ့၊ မလုပ်နဲ့။ ဘုန်းကြီးတွေကို လှူမလို့ဝယ်လာတဲ့ မုန့်တွေ"

ယခု ဆရာဝင်းမွန် ပျောက်သွားခြင်းမှာ မုန့်ထုပ်ကပ်လှူရန် ဘုန်းကြီးလိုက်ရှာနေခြင်း ဖြစ်သည်။ ရွှေနတ်တောင်ဘုရား၌ ဘုန်းကြီး ရှိတော့ရှိသည်။ ရှိသည့်ဘုန်းကြီးမှာ အဓိဋ္ဌာန်ဝင်နေ၏။ ဆရာဝင်းမွန်သည် အဓိဋ္ဌာန်ဝင်နေသည့် ဘုန်းကြီးကို ထိုင်စောင့်နေသည်။ နောက်ဆုံး မစောင့်နိုင်တော့မှ ဘုန်းကြီးလှူမည့် မုန့်ထုပ်များကို သီလရှင်များက တစ်ဆင့်ကပ်လှူထားခဲ့သည်။

စေတီတော်၏ တောင်ဘက်တွင် နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း ရှိသည်။ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များကို သွားဖူးကြသည်။ တန်းစီပြီး စမွယ်နေတော်မူသည့် နှစ်ကျိပ်ရှစ်ဆူ ကျောက်ဆင်းတုများမှာ အားလုံး တစ်ပုံစံတည်းဖြစ်သည်။ သပ္ပာယ်လည်း သပ္ပာယ်လှသည်။ နှစ်ကျိပ်ရှစ်ဆူ ဆင်းတုတော်များကို ဖူးနေစဉ် ဆရာမများက စကားထာဝှက်ကြသည်။

"ဒီနှစ်ကျိပ်ရှစ်ဆူထဲက တခြားဆင်းတုတော်များနဲ့မတူဘဲ တစ်မူခြားနေတဲ့ ဆင်းတုတော်တစ်ဆူကို ရှာစမ်းပါ"

ကျွန်တော်တို့ ရှာကြသည်။ ဝဲမှယာ၊ ယာမှဝဲသို့ အပြန်ပြန် အလှန်လှန် လျှောက်ကြည့်ကြသည်။ သို့သော်လည်း ဆင်းတုတော်အားလုံး တစ်ပုံစံတည်းဖြစ်နေသည်ကိုသာ တွေ့ရသည်။ ဘာထူးခြားချက်ကိုမှ မတွေ့ရ။ နောက်ဆုံး ကျွန်တော်တို့ ပန်းပေးလိုက်ရသည်။

"ဝေဿဘူဘုရားဆင်းတုတော်ကို ကြည့်စမ်းပါ"

ဝေဿဘူဘုရားဆင်းတုတော်ကို ကြည့်သည်။ သို့သော် ဘာထူးခြားချက်ကိုမျှ မတွေ့ရ။ ကျွန်တော်တို့အားလုံး မျက်စိမှောက်နေကြသည်။

"ဝဲဘက်လက်တော်မှာ လက်ချောင်းခြောက်ချောင်း ဖြစ်မနေဘူးလား"

ဟာ ဟုတ်ပါရဲ့။ ဝေဿဘူဘုရားဆင်းတုတော်၏ ဝဲဘက်လက်တော်တွင် လက်ချောင်းခြောက်ချောင်းဖြစ်နေသည်။ လုံးလုံးဖွင့်ပြောတော့မှ ကျွန်တော်တို့ မြင်ကြသိကြတော့သည်။ ဝေဿဘူဘုရားဆင်းတုတော်၏ ဝဲဘက်လက်တော်တွင် ဘာကြောင့် လက်ခြောက်ချောင်းဖြစ်နေသည်မသိ။ ကျောက်ဆစ်ဆရာက မှားပြီး ထုခဲ့တာလား သို့မဟုတ် တမင်တကာပဲ ထုခဲ့

mgyoe.com

တာလား။

ရွှေနတ်တောင်ဘုရားကအပြန် ချော့ခေါ်ကပ်ကျော်စေတီကို ဝင်ဖူးကြသည်။ ထိုစေတီမှာ နောက်မှတည်သည့် စေတီဖြစ်ဟန်တူသည်။ စေတီတော်ပတ်လည်တွင် တရားထိုင်ဖို့ ဂူတွေအပြည့် ဆောက်ထားသည်။ ကျွန်တော်တို့ရောက်သွားချိန်မှာမူ တရားထိုင်သူတစ်ဦးမှ မတွေ့ခဲ့။ စေတီတော်၏ မဟာရံတံတိုင်းအပြင်ဘက်ရှိ အုတ်တိုက်ကျောင်းဆောင်ကလေးထဲတွင်ကား မပုပ်မသိုးသည့် ဘုန်းကြီးရုပ်အလောင်း ရွှေချထားသည်ကို တွေ့ခဲ့ရသည်။ ယင်းကဲ့သို့ မပုပ်မသိုးသည့် ဘုန်းကြီးအလောင်းမျိုး မြင်းခြံနယ်တွင်လည်း နှစ်ပါး တွေ့ခဲ့ဖူးသည်။ တစ်ပါးမှာ စွန်းလွန်းဆရာတော်ဖြစ်ပြီး ကျန်တစ်ပါးမှာ မြင်းခြံနှင့် မနီးမဝေး တောရကျောင်းက ဆရာတော်တစ်ပါး ဖြစ်သည်။

ရွှေတောင်မြို့၏ အထူးခြားဆုံးတစ်ခုမှာ မျက်မှန်တပ်ထားသည့် ရွှေမျက်မှန်ဘုရား ဖြစ်သည်။ ယင်းရုပ်ပွားတော်သည် ဗုဒ္ဓဘာသာနိုင်ငံများရှိ ဆင်းတုတော်များထဲတွင် တစ်ဆူတည်းသော ရုပ်ပွားတော်ဖြစ်သည်။ ဆင်းတုတော်ပုံအမျိုးမျိုးရှိသော်လည်း မျက်မှန်တပ်ထားသည့် ဆင်းတုတော်ဟူ၍ မည်သည့်နေရာဌာန၊ မည်သည့်နိုင်ငံမှာမှ မရှိပေ။ ယင်းရွှေမျက်မှန်ဘုရားကား ရွှေတောင်ရောက်သူတိုင်း မဖူးမဖြစ်သည့်ဘုရားဖြစ်သည်။ ကျွန်တော်တို့လည်း သွားဖူးကြသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်နီးပါးခန့်က ရွှေမျက်မှန်ဘုရားကို တစ်ခါဖူးဖူးသည်။ ထိုစဉ်က အမိုးလောက်သာရှိသည်။ ဘုရားကို ဟာလာဟင်းလင်းပင် ဖူးရသည်။ ယခုမူ ရွှေမျက်မှန်ဘုရားသည် ဘုရားတန်ဆောင်းထဲတွင် မိုးလုံလေလုံ သီတင်းသုံးနေတော်မူပြီ။

ရွှေတောင်မြို့၏ အခြားထူးခြားသည့် အဆောက်အအုံတစ်ခုမှာ လယ်တီပိဋကတ်ဖြစ်၏။

လယ်တီဆရာတော်သည် နိုင်ငံခြားသာသနာပြုရေးကို အားပေးတော်မူခဲ့သည့် ဆရာတော်တစ်ပါးဖြစ်သည်။ ၁၉၁၄ ခုနှစ်က ရွှေတောင်မြို့တွင် လယ်တီဆရာတော်သည် ငွေကျပ်ငါးထောင် မတည်ပြီး နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းကို တည်ထောင်ခဲ့သည်။ ထို့နောက် တစ်ဆက်တည်း ပြည်၊ ပေါင်းတည် စသော မြို့များတွင်လည်း အလားတူ နိုင်ငံခြား ဗုဒ္ဓ

mgyoe.com

mgyoe.com

သာသနာပြုအသင်းများကို တည်ထောင်ခဲ့သည်။ ပထမကမ္ဘာစစ် ပြီးသော အခါ နေရာအနှံ့ရှိနေသည့် ယင်းနိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းများကို စုစည်းပြီး တစ်ခုတည်းသော နိုင်ငံခြားဗုဒ္ဓသာသနာပြု အသင်းကြီးကို မန္တလေးမြို့၌ တည်ထောင်သည်။

ထိုအခါ ရွှေတောင်မြို့ရှိ လယ်တီနိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းကြီးသည် တသီးတခြား ကျန်ရစ်နေခဲ့သည်။ မူလ မတည်ထားသည့် ရန်ပုံငွေ ငါးထောင်လည်း တိုးပွားလာသည်။ ယင်းရန်ပုံငွေဖြင့် မြို့တွင်းသာသနာ့ ကိစ္စများအတွက်လည်း ထောက်ပံ့သည်။ ၁၉၃၇ ခုနှစ်က ဓနုဖြူဦးအေးမောင်သည် ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်တက်ရန် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများသို့ သွားခဲ့ သည်။ ထိုစဉ်က မန္တလေးနိုင်ငံခြား သာသနာပြုအသင်းချုပ်က ငွေနှစ်ထောင်၊ ရွှေတောင်နိုင်ငံခြား သာသနာပြုအသင်းက ငွေတစ်ထောင် ထောက်ပံ့ခဲ့သည်။

ယခု ရွှေတောင်၌ရှိနေသည့် လယ်တီပိဋကတ်တိုက်ကြီးသည် ယင်း လယ်တီနိုင်ငံခြား သာသနာပြုအသင်းနှင့်ဆက်စပ်ပြီး ၁၉၃၅ ခုနှစ်က ဦးမှတ်ကြီးအမည်ရှိ ပုဂ္ဂိုလ်ဆောက်လုပ်လှူဒါန်းထားသည့် ပိဋကတ်တိုက်ကြီး ဖြစ် သည်။ ရှေးခေတ်ငွေ သုံးသောင်းခန့် ကုန်ကျသည်ဟု ဆိုသည်။ ကြီးကျယ် ခမ်းနားသော နှစ်ထပ်တိုက်ကြီး ဖြစ်သည်။ သို့သော် ယခုအခါ၌မူ ပိဋကတ် တိုက်၏ အဓိပ္ပာယ် ဘာမျှမရှိတော့။

ကျွန်တော်တို့ရောက်သွားချိန်၌ တံခါးအလုံပိတ်ပြီး သော့ခတ်ထား ၏။ ပိဋကတ်တိုက်ကြီး၏ ရှေ့ဘက်ရှိ အိမ်တစ်အိမ်တွင် သော့အပ်ထား သည်။ ထိုအိမ်က ပုဂ္ဂိုလ်တစ်ဦးက လိုက်ဖွင့်ပြသဖြင့် အတွင်းဝင်ကြည့်ခွင့် ရခြင်း ဖြစ်သည်။ တိုက်အပေါ်ထပ်၌ ပေစာအချို့နှင့် စာအုပ်အချို့ကိုမူ တွေ့ခဲ့သည်။ သို့သော် ဖုန်အလိမ်းလိမ်း ကပ်နေသည်။ အမှိုက်သရိုက်လည်း ရှုပ်ပွနေသည်။ ဘုရားခန်းလို အခန်းတစ်ခုထဲတွင် လယ်တီဆရာတော်၏ မတ်ရပ်ပုံပန်းချီကားကြီးတစ်ကား ရှိသည်။ ပန်းချီကားကြီးမှာ လူပမာဏမျှ လောက်ပင် ကြီးမားသည်။

အောက်ထပ်တွင် မူလတန်းကျောင်းဖွင့်ထားသည်။ ကျွန်တော်တို့ ရောက်သွားသည့်နေ့မှာ တနင်္ဂနွေနေ့ဖြစ်၍ ကျောင်းသားများကို မတွေ့ရ။ ဆရာဦးညွန့်သောင်းကလည်း သူတို့ဇာတ်တိုက်သည့်အခါ ထိုပိဋကတ်တိုက်

mgyoe.com

mgyoe.com

ထဲ လာတိုက်သည်ဆို၏။ နှမြောဖို့ အလွန်ကောင်းသည်။

မြန်မာလူမျိုးတို့သည် ဟုန်းခနဲထလုပ်ပြီး နောက်တော့ သွေးအေးသွားတတ်ကြသည်။ မိဘဘိုးဘွားတို့၏ လက်ရာကို သားစဉ်မြေးဆက်တို့က ဆက်လက်ထိန်းသိမ်းရိုးလည်းမရှိ။ နောက်ပိုင်း ထိန်းသိမ်းမှုမရှိသဖြင့် မပျက်စီးသင့်ဘဲ ပျက်စီးသွားရသည့် အဖိုးတန်အဆောက်အအုံကြီးများ မြန်မာပြည်တွင် အများအပြားရှိသည်။ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်နှင့် တောင်ဘက်မုခ်ကြားထဲတွင်လည်း ပိဋကတ်တိုက်ကြီးများ စီတန်းနေကြသည်။ ဆောက်တုန်းကတော့ တကယ့်ရည်ရွယ်ချက်ကြီးများနှင့် ဆောက်ကြခြင်းဖြစ်သည်။ အခုတော့ အမည်ခံ ပိဋကတ်တိုက်မျှသာဖြစ်ပြီး အခြေအနေမှာမူ ဇရပ်သာသာလောက်သာ ရှိနေသည်။ ထိန်းသိမ်းမှုတွင် တခြားတိုင်းပြည်များနှင့် ကွာလေစွ။

ရွှေတောင်သည် ယခင်က အထည်ရက်လုပ်သည့်ဘက်တွင် အထူးထင်ပေါ်ကျော်ကြားသည်။ ရွှေတောင်ပိုးထည်သည် အထူး နာမည်ရသည်။ မြပိုးထည်တိုက်တို့ နွားရိုင်းလုံချည်တို့၏ ပင်ရင်းမှာ ရွှေတောင်ဖြစ်သည်။ ယခင်ကမူ တစ်မြို့လုံး ရက်ကန်းသံ လွှမ်းနေပေလိမ့်မည်။ ကျွန်တော်တို့ ရောက်သွားချိန်၌မူ အိမ်တစ်အိမ်မှ ပျင်းတိပျင်းတွဲနှင့် ခတ်နေသည့် ရက်ကန်းသံ တစ်သံကိုသာ ကြားခဲ့သည်။

"ရွှေတောင်မှာ ကြာနီကန်အရပ်ဆိုတာ ရှိတယ်။ အရင်က အဲဒီ ကြာနီကန်ရောက်သွားရင် မိန်းကလေးတွေ ရက်ကန်းခတ်နေတာ ကြည့်ရတာ သိပ်ကြည့်လို့ကောင်းတယ်။ လက်ခတ်သံကလည်း တစ်ညီတည်းထွက်နေတော့ တစ်မျိုးနားထောင်လို့ကောင်းနေတယ်"

ရွှေတောင်ကအပြန် ဆေးရုံတွင် ဗန်းမော်တင်အောင်ကို သွားသတင်းမေးသည့်အခါ ဗန်းမော်တင်အောင်က ရွှေတောင်အကြောင်းကို စိတ်ပါဝင်စားစွာ ပြောပြသည်။ ဗန်းမော်တင်အောင်သည် တစ်ချိန်က ထိုဒေသတစ်ပိုက်တွင် ကျက်စားခဲ့ဖူးဟန်တူသည်။

စာပေဟောပြောပွဲကို ၁၂ ရက်နေ့ နေ့လယ်တွင် ဒေသကောလိပ်ခန်းမတွင် ကျင်းပပြုလုပ်သည်။ ပရိသတ်များ လျှံထွက်သွားသည်။ ဟောပြောပွဲမှာ အထူးပင်အောင်မြင်သည်။ ဟောပြောပွဲအပြီးတွင် ဉာဏ်ကြီးရှင်

mgyoe.com

mgyoe.com

ဖြေဆိုပွဲလုပ်သည်။ တစ်ချိန်က ရန်ကုန်တက္ကသိုလ်တွင်လည်း ဉာဏ်ကြီးရှင် ဖြေဆိုပွဲ ခေတ်စားခဲ့ဖူးသည်။ ယခုတော့ မလုပ်ကြတော့။ ဉာဏ်ကြီးရှင် ဖြေဆိုပွဲတွင် စာပေနှင့်ပတ်သက်သည့်မေးခွန်းက နည်းသည်။ ပေါက်ကရ မေးခွန်းများသာ များ၏။ ဉာဏ်ကြီးရှင်ဖြေဆိုပွဲ၌ မင်းယုဝေ ပွဲအကျဆုံး ဖြစ်၏။

ထိုနေ့ညတွင် ဒေသကောလိပ်အနုပညာအသင်းက ကျွန်တော်တို့ကို ဂီတနှင့်ဧည့်ခံသည်။ ဆရာဦးညွန့်သောင်းက ဘင်ဂျိုတီးသည်။ တယောဆရာ ဦးကိုကြီးက တယောထိုးသည်။ ဆရာဦးညွန့်သောင်းသည် ဂီတဘက်တွင် လည်း မညံ့ပေ။ သူ့လက်သံကို နားထောင်သူများ ချီးကျူးကြ၏။ ထိုတီးဝိုင်း၌ အထူးခြားဆုံးမှာ အဆိုတော်မခင်ဝင်း ဖြစ်သည်။ မခင်ဝင်းက 'ဗောဓိပင်နှင့် ရွှေပလ္လင်'၊ 'ညို့ညို့ဆိုင်းဆိုင်း'၊ 'ကျေးစေတမန်' တို့ကို သီဆိုသည်။ ထူးခြား သော အသံပိုင်ရှင်ဖြစ်သည်။ အဆိုတော် မာမာအေးတို့၊ ရီရီသန့်တို့နှင့်ပင် ယှဉ်နိုင်သည့်အဆင့်တွင် ရှိသည်။ ပထဝီဌာန ဆရာမ ဒေါ်သန်းသန်းဌေး လည်း မညံ့ပေ။ သူက 'မင်္ဂလာသီရိဘွဲ့'၊ 'ကျွန်းလုံးပိုင်သကြိုး' သီချင်းများကို သီဆိုသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့ ရွှေတောင်မှ ထွက်ခွာလာခဲ့ ကြသည်။

ရွှေတောင်မြို့သမိုင်းတွင် ကဥ္စနဂီရိခေါ် ရွှေတောင်မြို့ကို ဗာရာဏသီ မြို့နှင့် နှိုင်းထားသည်။ ဒွတ္တပေါင်မင်းကြီးလက်ထက် အလယ်နန်း မိဿနီး မိဖုရားကြီးသည် ရှင်မဟာယသမထေရ်ဟောကြားသည့် တေမိဇာတ်တော်ကို ကြည်ညိုလှသဖြင့် တေမိမင်းသားနေသွားသည့် ဗာရာဏသီပြည်ကို သွား ကြည့်လိုသည့်ချင်ခြင်း ဖြစ်လာသည်။ ထိုအခါ ရွှေတောင်မြို့ကို ခေါ်လာပြီး ပြရသည်ဆို၏။ ရှေးခေတ် ဗာရာဏသီနှင့် ရှေးခေတ် ရွှေတောင်မြို့တို့ မည်သို့မည်ပုံ တူညီသည်ကို မသိသော်လည်း ယခုခေတ် ဗာရာဏသီနှင့် ယခုခေတ် ရွှေတောင်မှာမူ တူညီချက်မရှိလှ။ တစ်ခုနှစ်ခု တူသည်ကိုတော့ သတိပြုမိသည်။ ဗာရာဏသီလည်း နွေရာသီတွင် အလွန်ပူသည်။ ရွှေတောင် တွင်လည်း နွေရောက်လျှင် လူးလိမ့်နေရသည်ဟု ဆရာများက ပြောသည်။ ဗာရာဏသီတွင်လည်း ခြင်အလွန်ကိုက်သည်။ ရွှေတောင်တွင်လည်း ခြင်

mgyoe.com

mgyoe.com

အလွန်ကိုက်သည်ကို ကိုယ်တွေ့ကြုံလာခဲ့သည်။

ပြည်ဆရာအတတ်သင်ကျောင်းမှ ကျွန်တော်တို့ကို လာခေါ်သည့် ဂျစ်ကားသည် ရွှေတောင်မှ ပြည်သို့ ရှေးရှုပြေးနေသည်။ ရွှေတောင်မြို့သည် နောက်တွင် ကျန်ခဲ့လေပြီ။

မိုးဝေ စာပေမဂ္ဂဇင်း။

❒

mgyoe.com

mgyoe.com

## နိဗ္ဗာန်နှင့် ဆင်ခြင်

အာရေဗျသဲကန္တာရ၌ရှိသော မက္ကာသည် အစ္စလာမ်ဘာသာဝင်၏ အထွတ်အမြတ်ဒေသဖြစ်သည်။ တမန်တော် မိုဟမ္မက် ဖွားမြင်ရာဒေသ ဖြစ်သောကြောင့် အစ္စလာမ်ဘာသာဝင်တိုင်းသည် မက္ကာသို့ တစ်သက် အနည်းဆုံး တစ်ခါသွားရောက်ဖို့ရန် ရည်မှန်းချက်ထားကြသည်။

ခရစ်ယာန်ဘာသာဝင်တို့၏ ဘာသာရေးအထွတ်အမြတ်ဒေသကား ပါလက်စတိုင်း၌ရှိသော ဂျေရုစလင်နှင့် အနီးအနားဒေသများ ဖြစ်သည်။ ယင်းဒေသများသို့ ဘုရားဖူးခရီးထွက်ခြင်းသည် ခရစ်ယာန်ဘာသာဝင်တို့၏ ဘာသာရေးရည်မှန်းချက်ကြီးတစ်ခု ဖြစ်သည်။

ဟိန္ဒူဘာသာဝင်တို့၏ အထွတ်အမြတ်နေရာမှာ ဂင်္ဂါဆိပ်ကမ်း၌ ရှိသော ဗာရာဏသီ၊ ဂင်္ဂါနှင့် ယမုံနာမြစ်ဆုံ၌ရှိသော ပယာဂ။ ထိုဒေသများရှိ မြစ်ရေထဲ ရေဆင်းချိုးလိုက်လျှင် မိမိတို့၏အပြစ်များ ပပျောက်သွားသည်ဟု အယူရှိကြသည်ဖြစ်၍ ယင်းအထွတ်အမြတ်ဒေသများသို့ ဟိန္ဒူဘာသာဝင်တို့ သည် နှစ်စဉ်နှစ်တိုင်း ဘာသာရေးခရီးထွက်ကြသည်။

ဖွားမြင်တော်မူရာ လုမ္ဗိနီ၊ ဗုဒ္ဓအဖြစ်သို့ ရောက်ရာ ဗုဒ္ဓဂယာ၊ ဓမ္မစကြာ ဟောကြားရာ မိဂဒါဝုန်၊ ပရိနိဗ္ဗာန်စံရာ ကုသိနာရုံ။ ယင်းဒေသလေးခုကား ဗုဒ္ဓဘာသာဝင်တို့၏ 'အဝိဇဟိတ' ဒေသကြီးလေးခု ဖြစ်သည်။ ဗုဒ္ဓဘာသာ ဝင်တို့အတွက် မမေ့သင့် မမေ့ထိုက်သည့် အထွတ်အမြတ်ဒေသများ ဖြစ်

mgyoe.com

mgyoe.com

သည်။ ဗုဒ္ဓဘာသာဝင်များသည် ယင်းဒေသများသို့ ဘုရားဖူးသွားရန် ရည်မှန်းချက်ထားကြသည်။

သို့သော် ယင်းဒေသများကား ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ရှိသဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝေးလံလှသည်။ ခရီးသွား၍လည်း အဆင်ပြေချင်မှပြေမည်။ ဗုဒ္ဓဘာသာနိုင်ငံများသည် မိမိတို့နိုင်ငံများ၌ ဗုဒ္ဓဘာသာ၏ အထိမ်းအမှတ်အဖြစ် အထွတ်အမြတ်ဌာနများကို ဖန်တီးတည်ဆောက်ထားကြသည်။ ဘုရား၊ ပုထိုး၊ စေတီ၊ တန်ဆောင်း၊ ဂူကျောင်းများဖြစ်သည်။ ယင်းအထွတ်အမြတ်ဌာနများသို့ ဘုရားဖူးသွားခြင်းသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ဘာသာရေးအပြုအမူတစ်ခု ဖြစ်သည်။ ရန်ကုန်မှ ရွှေတိဂုံဘုရား၊ မန္တလေးမှ တန်ခိုးကြီးဘုရားများနှင့် မန္တလေးတောင်၊ မင်းဘူးမှ စက်တော်ရာ၊ ပုဂံမှ ရွှေစည်းခုံနှင့် ရှေးဟောင်းဘုရားများ၊ ပြည်မှ ရွှေဆံတော်၊ ပုသိမ်မှ ရွှေမုဋ္ဌော၊ ပဲခူးမှ ရွှေမောဓော စသည်တို့ကား မြန်မာဗုဒ္ဓဘာသာဝင်များ၏ ဘာသာရေးဆိုင်ရာ အထွတ်အမြတ်ဌာနများ ဖြစ်သည်။

ယင်းကဲ့သို့သော ဌာနတစ်ခုသို့ ကျွန်တော်တို့ မကြာသေးမီက ရောက်သွားခဲ့သည်။ ထိုဌာနကား ပြည်အနီးရှိ နိဗ္ဗိန္ဒတောင်ဖြစ်သည်။

"ပြည်ရောက်ရင် သည့်ပြင်နေရာတွေထက် နိဗ္ဗိန္ဒကိုတော့ မရောက်အရောက်သွားချင်တယ်"

ကျွန်တော်တို့ စာရေးဆရာလေးဦးသည် ရွှေတောင်မှ ပြည်သို့ ကူးလာခဲ့ကြ၏။ ပြည်ရောက်သောအခါ နိဗ္ဗိန္ဒကို သွားလိုသည့်စိတ်ဆန္ဒကို လေးဦးလုံးက ပြကြသည်။ ကျွန်တော်တို့ကို လာခေါ်သည့် ပြည်ဆရာအတတ်သင်ကျောင်းအုပ်ကြီး ဦးထွတ်နှင့် လမ်းစဉ်လူငယ်အတွင်းရေးမှူး ဦးရွှေဝင်းတို့သည် ကျွန်တော်တို့ကို နိဗ္ဗိန္ဒသို့ လိုက်ပို့ကြ၏။ ဂျစ်ကားဆရာက ကျွန်တော်တို့ကို အဝင်ဝလောက်မှာချပြီး ရှေ့ဆက် ကားမောင်း၍မရသဖြင့် ခြေကျင်သာ လျှောက်ကြပေတော့ဟု ပြောသည်။ မှန်လည်းမှန်သည်။ လမ်းမှာ တောင်ကုန်းပေါ် တဖြည်းဖြည်းတက်သွားသော သဲလမ်းဖြစ်သည်။ ညီညီညာညာ ဖြောင့်ဖြောင့်ဖြူးဖြူးလည်းမရှိ။ သဲချောင်းများကိုလည်း ဖြတ်ရသည်။ ကားဖြင့် သွား၍မလွယ်။ အမှန်မှာ ဤလမ်း၊ ဤခရီးသည် လှည်းလမ်းဖြစ်သည်။

mgyoe.com

mgyoe.com

ကျွန်တော်တို့ စကားတပြောပြောနှင့် လျှောက်သွားကြသည်။ ကျောင်းအုပ်ဆရာကြီးကို ကျွန်တော်တို့ အားနာ၍ မလိုက်ခဲ့ပါနှင့် အတန်တန်တားသည်၊ မရ။ ကျွန်တော်တို့နှင့် တစ်ပါတည်း လိုက်လာသည်။ လိုက်လာရုံမျှမက သယ်စရာပြုစရာရှိလျှင် ကူပြီး သယ်ပေးလိုက်သေးသည်။ နှစ်မိုင်နီးပါးမျှ သစ်ကြီးဝါးကြီးများ ထူထပ်စွာပေါက်နေသည့် တောအတွင်းရှိ သဲလမ်းမှ တဖြည်းဖြည်း တောင်ကုန်းပေါ်တက်သွားရာ မကြာမီပင် နိဗ္ဗိန္ဒတောင်ကုန်းပေါ် ရောက်သွားသည်။ တောထဲတောင်ထဲတွင် သာသနာ လာထွန်းကားနေပါကလား။ ကျောင်းတိုက်ကြီးများ၊ ဇရပ်တန်ဆောင်းများ၊ ဘုရားပုထိုးများဖြင့် တစ်တောင်လုံးပြည့်နေသည်။

ရှေးဦးစွာ ကျွန်တော်တို့သည် နိဗ္ဗိန္ဒရှိ လက်ရှိဆရာတော် ဦးတေဇဝန္တထံ ဝင်ရောက်ပြီး ဝတ်ဖြည့်ကြ၏။ ဆရာတော်သည် ကျွန်တော်တို့ လျှောက်သမျှ စိတ်ရှည်လက်ရှည် ပြောပြသည်။ ကျွန်တော်တို့ကို လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံလိုက်သေးသည်။ ကျွန်တော်တို့ရောက်သွားချိန်မှာ ဆွမ်းစားချိန် ဖြစ်နေသဖြင့် ဘုန်းကြီးများ၏ အကျန်အကြွင်း အချိုအချဉ်ကို စားခဲ့ကြရသည်။ ယင်းလက်ဖက်ရည်ပွဲ၌ အထူးခြားဆုံးကား နိဗ္ဗိန္ဒတောထဲမှထွက်သည့် အရွက်တစ်မျိုးဖြင့် လုပ်ထားသည့် လက်ဖက်သုပ်ဖြစ်သည်။ ယင်းလက်ဖက်သုပ်ကို ခံတွင်းတွေ့သဖြင့် ပန်းကန်ပြောင်အောင် စားပစ်လိုက်ကြသည်။

ကျွန်တော်တို့ တစ်နာရီ၊ နှစ်နာရီနီးပါး နိဗ္ဗိန္ဒတောင်ကို လျှောက်ကြည့်ကြသည်။ ဂန္ဓကုဋီတိုက်တော်၊ သိမ်တော်၊ ကျောင်းတော်၊ ဓမ္မာရုံကြီး၊ သုံးထပ်တိုက်၊ စကြံကျောင်း၊ ပိဋကတ်သုံးပုံတင် ဆင်ရုပ်ကြီးနှစ်ရုပ်၊ ရေကန်ကြီး၊ ရေကန်ငယ်၊ လိုဏ်ဂူကြီး၊ ကမ္မဋ္ဌာန်းကျောင်း၊ တန်ဆောင်း၊ ဇရပ် စသည့် သာသနာ့အဆောက်အအုံ စသည်တို့ဖြင့် နိဗ္ဗိန္ဒတောင်သည် တောင်ကြီးထဲတွင် ထူးထူးခြားခြားပင် စည်ကားနေသည်။ နိဗ္ဗိန္ဒ၌ တောင်ဘေးပတ်ရံလျက်ရှိသော တရားရှင်များ တရားထိုင်သော အတောင်တစ်ရာ့နှစ်ဆယ်ရှိ ဂူကြီးတစ်လုံးရှိသည်။ ယင်းဂူတွင်းသို့ ဖယောင်းတိုင်မပါဘဲ ဝင်၍မရ။ တစ်ဂူလုံး ပိန်းပိတ်မှောင်နေသည်။

ဆရာတော် ဦးတေဇဝန္တကိုယ်တိုင် ရှေ့ဆုံးမှ ဖယောင်းတိုင်မီးကိုင်ပြီး ဂူတွင်းလိုက်ပြ၏။ ကျွန်တော်တို့က တစ်ယောက် ဖယောင်းတိုင်မီးတစ်တိုင်စီ

mgyoe.com

mgyoe.com

ကိုင်ပြီး နောက်က လိုက်ကြည့်ကြသည်။ တစ်ယောက်စီတန်းစီပြီး ဝင်ကြသည်။ ဂူကြီးအတွင်း၌ ဂူငယ်ကလေးတွေ အများအပြားရှိသည်။ တရားထိုင်သူတွေ မွန်းကျပ်နေမှာပဲဟု တွေးကြည့်မိသည်။ ယခုတော့ တရားထိုင်သူများ ဂူတွင်း၌မရှိတော့။ ဂူကို သော့ပိတ်ထားသည်။ ယင်းဂူများအတွင်း ဖယောင်းတိုင်မီးကိုင်ပြီး လျှောက်ကြည့်ချိန်တွင် ရခိုင်ပြည်မြို့ဟောင်း (မြောက်ဦး) က ရှစ်သောင်းဘုရားကို သွားသတိရသည်။ ရှစ်သောင်းဘုရား ရောက်စဉ်ကလည်း ယခုလိုပင် ဘုရားဂူတွင်းသို့ ဖယောင်းတိုင်မီးကိုင်ပြီး ဝင်ကြည့်ခဲ့ရသည်။ ဖယောင်းတိုင်မီး သို့မဟုတ် မီးရောင်တစ်ခုခုမပါဘဲ ဝင်၍မရ။ ဂူတွင်း၌ ပိန်းပိတ်မှောင်နေသည်။ ရှစ်သောင်းဘုရားတည်သည့် ဘုရားဒါယကာ မင်းပါကြီးသည် ဘုရားတည်ရာ၌ တခြားရည်ရွယ်ချက်တစ်ခုလည်း ပါသည်ဟု ဆိုကြသည်။ ရန်သူလာလျှင် ဂူတွင်းဝင်ပြီး အကာအကွယ်ယူဖို့ရန်အတွက် ယခုလို ဂူကို အလုံအခြုံတည်ဆောက်ထားခြင်းဖြစ်သည်ဟု အချို့သုတေသီများက ထင်မြင်ချက်ပေးကြသည်။ ယခု နိဗ္ဗိန္ဒဂူများမှာလည်း စစ်အတွင်းက နိဗ္ဗိန္ဒသာသနာ့ရိပ်သာတွင် လာရောက်မှီခိုနေကြသည့် စစ်ပြေးများကို ဗုံးခိုကျင်းများအဖြစ် အကာအကွယ်ပေးကောင်းပေးလိမ့်မည်။

ကျွန်တော်တို့က ဆရာတော် ဦးတေဇဝန္တအား နိဗ္ဗိန္ဒသမိုင်းနှင့် စကားစပ်ပြီး မေးမြန်းလျှောက်ထားကြ၏။ ဆရာတော်သည် အထူးအထွေ မိန့်ကြားခြင်းမရှိဘဲ စာအုပ်နှစ်အုပ်ကို ထုတ်ပေး၏။ စာအုပ်နှစ်အုပ်မှာ နိဗ္ဗိန္ဒ တည်ထောင်သွားခဲ့သည့် ဆရာတော်ကြီး၏ 'သိက္ခာသုံးပါးပြရာကျမ်း' နှင့် နိဗ္ဗိန္ဒဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဖြစ်သည်။ သိက္ခာသုံးပါး ပြရာကျမ်း၏အစ၌ နိဗ္ဗိန္ဒဆရာတော်ကြီးသည် သူ့အကြောင်းကို သူကိုယ်တိုင် ရေးသားထားသည်။ ယင်းစာအရ နိဗ္ဗိန္ဒဖြစ်ပေါ်လာပုံမှာ ဤသို့...

လွန်ခဲ့သည့်နှစ်ပေါင်း ၆၆ နှစ်ခန့်က အဖြစ်အပျက်ဖြစ်သည်။ ပြည်မြို့ ပုထိုးကြီးဆရာတော်၏ ကျောင်းတိုက်တွင် သီတင်းသုံးနေသည့် အသက် ၂၆ နှစ်အရွယ် ရဟန်းငယ် ဦးသီရိသည် တစ်နေ့တွင် သပိတ်တစ်လုံး။ သင်္ကန်းသုံးထည်ကိုသာ ဆောင်ယူပြီး ပြည်မြို့နှင့် မနီးမဝေးရှိ တောကြီးအတွင်းသို့ ထွက်လာခဲ့သည်။ အချိန်မှာ နေဝင်ရီတရောအချိန် ဖြစ်သည်။ တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ ညလသည် မှိုင်းမှုန်ရီဝေသည့် တောအုပ်

mgyoe.com

mgyoe.com
ကြီးအပေါ်၌ မသာ့တသာ ဖြစ်နေသည်။ ဦးသီရိကို သူ၏နောင်တော်ရဟန်းက လိုက်ပို့သည်။ ပုထိုးကြီးတောင်တန်းသို့ ရောက်သောအခါ ညီအစ်ကို မသိတသိအချိန်ဖြစ်နေပြီ။

"ကဲ... ငါ၏ညီတော်၊ သင်လိုရာကို သွားပေတော့။ ငါ ဒီနေရာကပဲ ပြန်တော့မယ်"

ညီနောင်နှစ်ပါးသည် တစ်ပါးနှင့်တစ်ပါး နောက်ဆုံးကြည့်ခြင်းမျိုးနှင့် ကြည့်ပြီး ခွဲခွာလိုက်ကြသည်။ တစ်ပါးမှာ မြို့တွင်းသို့ ပြန်လာပြီး ကျန်တစ်ပါးမှာမူ မှောင်ရီသန်းနေသည့် တောအတွင်းသို့ ရှေးရှုသွားသည်။ ထိုရဟန်း၏ ခြေလှမ်းများသည် အပြင်ပန်းအရမှာမူ တောကြီးမျက်မည်းသို့ ရှေးရှုနေသည်။ သို့ရာတွင် အမှန်မှာမူ ပြောင်လက်တောက်ပနေသည့် ဓမ္မအလင်းရောင်သို့ ဦးတည်ပြီး လှမ်းနေသည့် ခြေလှမ်းများသာ ဖြစ်သည်။ အနာဂတ်တွင် ဤတောကြီးမျက်မည်းထဲ၌ သာသနာရောင် ထွန်းပြောင်စေမည့် ခြေလှမ်းများသာ ဖြစ်သည်။

ဦးသီရိသည် ညဉ့်အချိန်မတော် ဖြည်းညင်းသော ခြေလှမ်းများဖြင့် တစ်တောင်ကျော် တစ်တောင်တက်ပြီး တောင်စဉ်တောင်တန်းတစ်လျှောက် ကြွသွားတော်မူလေရာ တစ်နေရာအရောက်တွင် ကျောင်းပျက်၊ ဇရပ်ပျက် ကလေးတစ်ခုကို တွေ့ရသည်။ ထိုကျောင်းပျက်ကလေးတွင် ခေတ္တတည်းခိုပြီး အာနပါနကမ္မဋ္ဌာန်းကို စီးဖြန်းသည်။ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းရင်းနှင့် နံနက်အရုဏ်ပျို့လာသည်။ ဦးသီရိသည် ဝမ်းမျှတရေးအတွက် မနီးမဝေးရှိ သီလရှင်များ၏ရွာသို့ ဆွမ်းခံကြွသည်။ ရသည့်ဆွမ်းဖြင့် တင်းတိမ်ရောင့်ရဲပြီး ခေတ္တခိုနားသည့် ကျောင်းပျက်ကလေး၌သာ ကမ္မဋ္ဌာန်းဘာဝနာ ပွားများနေသည်။ ရဟန်း၏အကြောင်းကို ရွာနီးချုပ်စပ်ရှိ သီလရှင်များ သိသွားရာ အသီးအရွက် ဆွမ်းများကို ကပ်လှူကြသည်။

ထိုနည်းအတိုင်း နေထိုင်လာခဲ့ရာ ငါးလကျော် ခြောက်လခန့် ကြာသွား၏။ ထို့နောက်တွင် မနေနိုင်သည့် ပုဂ္ဂိုလ်အချို့က ကုန်းမြေတစ်ခုပေါ်၌ သက်န်းမိုးကျောင်းငယ်ကလေးတစ်ဆောင် ဆောက်ပေး၏။ ဦးသီရိသည် ယခင်ကျောင်းပျက်ကလေးမှ သက်န်းမိုးကျောင်းသစ်သို့ ပြောင်းရွှေ့နေထိုင်၏။ သို့ရာတွင် နှစ်ရက်သုံးရက်မှ မကြာလိုက်ပါ။ ယင်းကျောင်းငယ်ကလေး
mgyoe.com

mgyoe.com
သည် မီးလောင်ပြီး ပြာပုံဘ၀ရောက်သွားရသည်။ ဒကာ ဒကာမများက နောက်ထပ် စကြံကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြ၏။ ဦးသီရိသည် ယင်းကျောင်း၌ သီတင်းသုံးပြီး ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ပွားများနေလေသည်။

ထိုအတောအတွင်း တစ်နေ့တွင် ပြည်မြို့မှ ဦးရာကျော်ဆိုသူတစ်ယောက် ထိုတောရကျောင်းသို့ ရောက်လာပြီး ဘာစိတ်ကူးရသည်မသိ။ ကျောင်းတိုင်အားလုံးတွင် 'နိဗ္ဗိန္ဒ–နိဗ္ဗိန္ဒ' ဟု တိုင်စေ့အောင် ရေးသွားလေသည်။ ထိုအချိန်မှစပြီး ထိုချောင်ထိုတောင်သည် 'နိဗ္ဗိန္ဒ' အမည်ဖြင့် ထင်ရှားနေလေသည်။

ဦးသီရိသည် ရဟန်းငယ်ဘဝမှ နိဗ္ဗိန္ဒသာသနာ့စခန်းကို တည်ထောင်သည့် ကမ္မဋ္ဌာန်းအကျော်အမော် တောရဆရာတော်ကြီး ဖြစ်လာသည်။ ဆရာတော်ကြီးသည် သူ့အကြောင်းကို သူကိုယ်တိုင် အကျဉ်းချုပ် ရေးသားထားခဲ့သည်။ သူ၏စာ၌ ပထမပိုင်းတွင် တောထွက်ပုံကို ဖော်ပြထား၏။ ဒုတိယပိုင်း၌ နိဗ္ဗိန္ဒတွင်နေပြီးမှ တရားအမြင် ပိုပြီး ရှင်းလင်းပြတ်သားစေရန် လယ်တီဆရာတော်၊ ဂန္ဓာရုံဆရာတော် စသော တရားအမြင်တွင် ထင်ပေါ်ကျော်ကြားသည့် ဆရာတော်ကြီးများရှိရာသို့ ကြွပြီး တရားနှင့်ပတ်သက်၍ စူးစမ်းမေးမြန်းပုံတို့ကို ရေးပြထားသည်။ တတိယပိုင်းကား နိဗ္ဗိန္ဒသို့ ပြန်ကြွလာပြီးနောက် 'ဦးမှဲ့ဘူး' ဆိုသူ လူထူးလူဆန်းတစ်ဦးနှင့် တွေ့ပုံဖော်ပြထားသည့် အပိုင်း ဖြစ်သည်။ ဆရာတော်ကြီးသည် ဘာစိတ်ကူးရသည်မသိ။ ဦးမှဲ့ဘူးဆိုသူ လူထူးလူဆန်းတစ်ဦး၏အကြောင်း သူကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကျဉ်းကျဉ်းကလေးထဲတွင် တခမ်းတနား ဖော်ပြထားသည်။

ဦးသီရိ တောအတွင်းရောက်လာပြီးနောက် ဆယ့်တစ်လလောက်အကြာတွင် ကျောင်းမှာ ကိုရင်တစ်စုသည် တောထဲ မှိုရှာသွားကြ၏။ ထိုအခါ တောအတွင်းတစ်နေရာရှိ ကဝေမြောင်ဂူအမည်ရှိ ဂူတစ်ခု၏ အဝမှ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ ပုံသဏ္ဍာန်ပေါက်နေသည့် အရုပ်ဆိုးဆိုး လူကြီးတစ်ယောက် ဖြုန်းခနဲပေါ်လာသည်။ ကိုရင်နှင့် ကျောင်းသားများသည် ထိုသရဲရုပ်လူကြီးကို တွေ့ရသည့်အခါ အထိတ်တလန့်ဖြစ်ပြီး ထွက်ပြေးကြ၏။ ဤတွင် ကိုရင်တစ်ပါးက...
mgyoe.com

mgyoe.com

"ဟော့ မပြေးကြနဲ့။ ဒီလူကြီးက ကြောက်စရာမဟုတ်ပါဘူး။ ဦးမှဲ့ဘူး ဆိုတာ သူပဲ" ဟု သူ့အဖော်များအား ပြောပြီး ဦးမှဲ့ဘူးအား "ကျုပ်တို့နဲ့ လိုက်ခဲ့မလား" ဟု မေးသည်။

ဦးမှဲ့ဘူးက ခေါင်းညိတ်ပြသည်။

ကိုရင်များသည် လူထူးလူဆန်း ဦးမှဲ့ဘူးကို သူတို့၏ဆရာဘုန်းကြီး ဦးသီရိထံ ခေါ်လာကြသည်။ ဆရာတော်က ဦးမှဲ့ဘူးကို အကျိုးအကြောင်း မေးကြည့်သည့်အခါ ဦးမှဲ့ဘူး၏အသံမှာ ကြက်သံငှက်သံပမာ သံသေးသံ ညှောင်ကလေးဖြစ်နေ၍ စကားသံကို နားမလည်နိုင်အောင် ဖြစ်နေ၏။ ဆရာတော်ကိုယ်တိုင် ကျွေးမွေးပြီး တဖြည်းဖြည်း သင်ကြားပေးမှ ကြက်သံ ငှက်သံပျောက်ပြီး လူသံပေါက်လာသည်။

သို့ရာတွင် ဦးမှဲ့ဘူးသည် သူ့နေရာဟောင်းဖြစ်သည့် ကဝေမြောင်ဂူသို့ မကြာခဏ ထွက်ထွက်ပြေးသည်။ ဖက်ချိုး ထင်းခွေသူများက ပြန်ပြန်ခေါ် လာရသည်။ ဦးမှဲ့ဘူးသည် လူကိုကြောက်ရွံ့၏။ နေ့အခါတွင် ဂူထဲတွင် ပုန်းအောင်းနေပြီး ညလူခြေတိတ်မှ ဂူအပြင်ထွက်ပြီး အစာရေစာ ရှာဖွေစား သောက်သည်။ သစ်သီးသစ်ဥများကို စား၏။ လယ်ကွင်းလယ်ကွက်ထဲက မီးလောင်စပါးကို ရှာဖွေချက်ပြုတ်စား၏။ သွားရင်းလာရင်း ချောင်းများ၊ အိုင်များတွေ့လျှင် ချောင်းထဲအိုင်ထဲက ငါး၊ ဖား၊ မြွေ စသည့် သတ္တဝါများကို ဖမ်းပြီး ချက်ပြုတ်စားသောက်လေ့ရှိ၏။

ဆရာတော်က "ဦးမှဲ့ဘူးသည် ကိုယ်အမူအရာ ကြမ်းတမ်းခြင်းရှိသော် လည်း စိတ်သဘောထား ထာဝစဉ် နူးညံ့နေသည်။ ဆရာတော်နှင့်အတူ နေထိုင်စဉ်အတွင်း စိတ်ဆိုးသောမျက်နှာအမူအရာ တစ်ကြိမ်တစ်ခါမျှ မတွေ့ရ" ဟု ရေးသားထားသည်။

နိဗ္ဗိန္ဒတည်ထောင်ပြီး ငါးနှစ်ကြာသောအခါ ဦးမှဲ့ဘူး သူ့ကဝေမြောင်ဂူ သို့ ထွက်ပြေးပြန်သည်။ ပြန်လာလိမ့်နိုးနိုးနှင့် စောင့်မျှော်နေရင်းက ဖက်ချိုး ထင်းခွေသမားများက ဦးမှဲ့ဘူးတစ်ယောက် သေနေပြီဖြစ်ကြောင်း ဆရာတော် ထံ လာရောက်အကြောင်းကြားကြသည်။ ဦးမှဲ့ဘူး၏ ရုပ်အလောင်းကို ဆရာ တော်ကိုယ်တိုင် ဝေပုလ္လတောင်စွန်း၌ သင်္ဂြိုဟ်လိုက်လေသည်။ ထူးခြားသည် မှာ ဦးမှဲ့ဘူး၏ ရုပ်အလောင်းသည် မပုပ်မသိုးပေ။ "ဦးမှဲ့ဘူး၏ ရုပ်အလောင်း

mgyoe.com

mgyoe.com


သည် ငါးကျီးခြောက်ကြီးများလို မပုပ်မသိုး"ဟု ဆရာတော်က ရေးသား ဖော်ပြထားသည်။

ဆရာတော်ကိုယ်တိုင်ရေးသည့် နိဗ္ဗိန္ဒသမိုင်းနှင့် သူ့အတ္ထုပ္ပတ္တိအကျဉ်း၌ ဦးမှဲ့ဘူးအကြောင်း အတော်များများပါနေသည်မှာ ထူးခြားလှပေသည်။

ဆရာတော်ဦးတေဇဝန္တသည် လိုဏ်ဂူအတွင်းကို ပြပြီးသောအခါ ကျွန်တော်တို့ကို နိဗ္ဗိန္ဒတောင်၏ တောင်ဘက် ကပ်လျက်ရှိသည့် ခါတော်မိ တောင်ပေါ်တွင် တည်ထားသည့် ဓမ္မစကြာစေတီရှိရာသို့ ခေါ်သွားသည်။ တောင်ဟုဆိုရသော်လည်း ကြီးကြီးမားမား တောင်ကြီးများမဟုတ်ကြ။ တောင်ကုန်းမျှလောက်သာ ဖြစ်သည်။ ဓမ္မစကြာစေတီတော်သည် နိဗ္ဗိန္ဒ ဆရာတော်ကြီး တည်သွားသည့် စေတီပင်ဖြစ်သည်။ ယခုအခါမူ သူတည် သွားသည့် စေတီ၏ ဌာပနာတိုက်ထဲတွင် သူ၏အရိုးပြာများ ကိန်းအောင်း နေပြီ။ ဆရာတော်ဦးတေဇဝန္တက စေတီတော်၏အတွင်းဘက် ဂူထဲတွင် ကြုတ်နှင့် အရှင်ထားသည့် ဆရာတော်ကြီး၏ ဓာတ်တော်များကို ကျွန်တော် တို့အား တကူးတကပြသည်။ ဓမ္မစကြာစေတီနှင့် ပေနှစ်ဆယ်လောက် အကွာတွင် အုတ်ခုံအမြင့်ပေါ်၌ သတ္တဝါတစ်ကောင်၏ပုံ ထုလုပ်ထားသည် ကို တွေ့ရ၏။ သတ္တဝါ၏ပုံမှာ တော်တော်နှင့် ဖမ်းလို့မရသဖြင့် "ဒါ ဘာ ကောင်လဲဘုရား" ဟု ဆရာတော်ဦးတေဇဝန္တအား မေးကြည့်ရ၏။

"ဒါလား ဒါ ခြင်ကောင်"

"ခြင်ကောင်ရဲ့ပုံကို ဘယ်လိုရည်ရွယ်ချက်နဲ့ ထုလုပ်ထားတာလဲ ဘုရား"

"ကျုပ်လည်း အတိအကျတော့ မပြောတတ်ဘူး။ တွေးကြည့်လို့ရ တာတစ်ခုတော့ရှိတယ်။ ခု ဒီမှာရှိနေတဲ့ ဆင်ရုပ်ကြီးရော၊ ခြင်ရုပ်ရော ပျံတော် မူသွားတဲ့ ဆရာတော်ကြီးကိုယ်တိုင် စီစဉ်ထုလုပ်ခဲ့တဲ့ အရုပ်တွေဖြစ်တယ်။ ဆရာတော်ကြီး ဆင်ရုပ်နဲ့ခြင်ရုပ် ထုလုပ်ခဲ့တာဟာ သွယ်ဝိုက်တဲ့ အဓိပ္ပာယ်နဲ့ 'ဆင်ခြင်' ကြလို့ ဆုံးမသွားခဲ့တာလို့ပဲ ဘုန်းကြီးတို့ ယူဆတာပဲ"

ကျွန်တော်တို့ နိဗ္ဗိန္ဒတောင်အနိမ့်ပိုင်း လျှောက်ကြည့်ကြသည်။ ဘုရား ဖူးများ၊ တရားအားထုတ်လိုသူများလာလျှင် တည်းဖို့၊ စခန်းချဖို့ ဆောက်ထား သည့် ဇရပ်များမှာ အလယ်လူသွားလမ်း၏ ဘေးနှစ်ဖက်၌ တန်းစီနေကြ

mgyoe.com

mgyoe.com
သည်။ ရွာတစ်ရွာမျှ များပြားလှသည်။ ဇရပ်အတော်များများမှာ နေသူမရှိဘဲ တံခါးအလုံပိတ်ထားသည်ကို တွေ့ရသည်။ ဖန်ခါးသီးများအပင်အောက်တွင် ကြွေကျနေကြ၏။

သီလရှင်များနေသည့် ဇရပ်တစ်ခုတွင် ကျွန်တော်တို့ လက်ဖက်ထုပ် ဝင်ဝယ်ကြ၏။ သီလရှင်များသည် နိဗ္ဗိန္ဒတောတွင်ပေါက်သည့် အပင်တစ်မျိုး၏ အရွက်ကိုခူးပြီး လက်ဖက်လုပ်၍ ရောင်းကြ၏။ သူတို့၏ လက်ဖက်မှာ ပြည်မြို့မှအပြန် ဧည့်သည်များအတွက် အိမ်ပြန်လက်ဆောင်ကောင်း ဖြစ်သည်။ တစ်ကျပ်ဖိုး သုံးထုပ်ရ၏။ သီလရှင်များသည် လက်ဖက်ထုပ် ရောင်းရသည့်ငွေဖြင့် နိဗ္ဗိန္ဒကျောင်းတိုက်တွင် သီတင်းသုံးနေသည့် ဘုန်းကြီးများအား ဆွမ်းကွမ်းလုပ်ကျွေးသည်ဟု ဆိုသည်။

ထိုသီလရှင်ဇရပ်၌ လူဝတ်ကြောင်အဘွားကြီးတစ်ဦးကို တွေ့ခဲ့ရ၏။ အဘွားကြီးက ထမင်းစားရင်း ထမင်းပွဲမှနေပြီး ကျွန်တော်တို့ကို ဧည့်ခံစကား ပြောနေသည်။ ပါမောက္ခဟောင်း ဦးအောင်လှ၊ ဒေါ်မေသန်းတို့၏ အမျိုးဟု ဆို၏။ စစ်အတွင်း ဦးအောင်လှတို့ နိဗ္ဗိန္ဒချောင်လာပြီး စစ်ဘေးတိမ်းရှောင်ခဲ့ပုံကို အကျယ်တဝင့် ပြောပြနေသည်။

နိဗ္ဗိန္ဒတောင်၌ ပျံလွန်တော်မူသွားသည့် နိဗ္ဗိန္ဒဆရာတော်ကြီး စိုက်ထူထားခဲ့သည့် နိဗ္ဗိန္ဒတောင်သမိုင်းကျောက်စာလည်း ရှိသည်။ ကျောက်စာမှာ လက်ာ၊ စကားပြေ နှစ်မျိုးဖြင့် ရေးစီလျက် ကျောက်အချပ်ကြီး နှစ်မျက်နှာ ပြည့်အောင် ထွင်းထုထားသည့် ကျောက်စာဖြစ်သည်။ ကျောက်စာထိုးသည့် ခုနှစ်မှာ 'ကောဇာသက္ကရာဇ် ၁၂၉၆' ဟု ရေးထိုးထားသည်။

နိဗ္ဗိန္ဒတောင်၌ ယုဝတီကလောင်ရှင်အသင်း၏ ကောင်းမှုဖြစ်သည့် ခဏတစ်ဖြုတ်တည်းခိုနားနေရာ ဇရပ်ငယ်တစ်ခုလည်း ရှိသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က ကျွန်တော် နိဗ္ဗိန္ဒသို့ တစ်ကြိမ်ရောက်ဖူးသည်။ ထိုစဉ်က ပင် ယုဝတီကလောင်ရှင်တို့၏ ဇရပ်ငယ်ကို တွေ့ခဲ့ရသည်။ ယခုတစ်ကြိမ် တွင်ကား ဇရပ်ငယ်ကလေးမှာ ပျက်စီးစပြုနေပြီ။ မကြာခင်က ကျွန်တော်တို့ ဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးနှင့်တွေ့၍ ဇရပ်ငယ်လေးအကြောင်း စကား စပ်ကြည့်၏။ ဆရာမကြီးက "သွပ်ဈေးကြီးတာနဲ့ ဇရပ်ကို ပြန်ပြင်မဆောက် နိုင်သေးဘူး" ဟု ပြောသည်။

mgyoe.com

mgyoe.com


အပြန်တွင် ကျွန်တော်တို့၏ခြေလှမ်းများ အလာတုန်းကလောက် မသွက်ကြတော့ပေ။ ဆရာတော်ဦးတေဇဝန္တ ကျွေးမွေးလိုက်သည့် အစားအစာများမှာလည်း ဗိုက်ထဲတွင် ပြည့်သလောက်ဖြစ်နေပြီ။ စူးရှသည့် နေဒဏ်ကိုလည်း ခံနေရ၏။ ပါလာသည့်ထီးကို ကိုယ်စီဖွင့်ဆောင်းကြရ၏။ အပြန်လမ်းတွင် ကျွန်တော်တို့ စဉ်းစားလာခဲ့၏။

"ဆရာတော်ကြီး ကွယ်ဝှက်တဲ့ အနက်အဓိပ္ပာယ်နဲ့ မိန့်မှာထားခဲ့တဲ့ 'ဆင်ခြင်' ကြဆိုတဲ့ အဆုံးအမဟာ အင်မတန် အဓိပ္ပာယ်ရှိတယ်။ မဆင်မခြင် မစူးမစမ်းဘဲနဲ့ လုပ်နေကြတဲ့အတွက်ကြောင့်သာ ကမ္ဘာကြီးတစ်ခုလုံး ကမောက်ကမဖြစ်နေကြတာ။ လူတွေဟာ ကိုယ်ပိုင်ဉာဏ်ကို အသုံးမပြုကြဘူး။ အပြင်အပက အရာဝတ္ထုရဲ့ ကျေးကျွန်အဖြစ် ခံနေကြရတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်စဉ်းစားပါက ဘာမှ အမှားတွေ့စရာမရှိနိုင်ဘူး။ *ကေသပုတ္တရွာသား ဗြာဟ္မဏတွေကို ဗုဒ္ဓညွှန်ကြားဆုံးမခဲ့တာဟာလည်း ဒီတရားပဲ"

ကျွန်တော်တို့ တစ်ချက်တီးလောက်တွင် ဂျစ်ကားရှိရာသို့ ပြန်ရောက်လာကြသည်။ ကျွန်တော်တို့ ကံကောင်းသွားသည်။ အကယ်၍သာ ၁ နာရီ၊ ၂ နာရီ နောက်ကျပြီးမှ ပြန်လာလျှင် လမ်းတွင်ရှိသော သဲချောင်း၊ သဲမြောင်းများကို ရေအပြည့်နှင့် ကျွန်တော်တို့ ဖြတ်ကူးရပေလိမ့်မည်။ ကျွန်တော်တို့ နိဗ္ဗိန္ဒနယ်မြေကို ဖြတ်ကျော်ပြီး မကြာခင်ပင် မိုးကြီးသည်းထန်စွာ ရွာသွန်းချလေသည်။

မိုး၀ဝ စာပေမဂ္ဂဇင်း။

▢

---

* ကေသမုတ္တိသုတ္တန် (ကာလာမသုတ္တန်) အင်္ဂုတ္တိုရ်ပါဠိ

mgyoe.com

mgyoe.com

## ပြည်တွင်းဖြစ် နိုင်ငံခြားအရက်

နှင်းမှုန်မှုန်ကြားထဲက လားရှိုးမြို့ကို လှမ်းမြင်ရပြီ။ မကြာမီလေယာဉ်သည် လားရှိုးလေဆိပ်သို့ ဆင်းလာသည်။

လေယာဉ်ထဲက ထွက်လာလျှင်ထွက်လာချင်း မြောက်ပိုင်းရှမ်းပြည်၏ ဆောင်းရာသီအအေးက ဆီးကြိုနေသည်။ နံနက်ခင်း တောက်ပနေသော နေရောင်ခြည်သည် လားရှိုး၏ဆောင်းရာသီ အအေးဒဏ်ကို အကာအကွယ် မပေးနိုင် ဖြစ်နေရှာသည်။

လေယာဉ်ပေါ်မှဆင်းပြီး လေဆိပ်အဝင်အထွက်အပေါက်သို့ အဝင် ပထမဆုံး တွေ့ဆုံနှုတ်ဆက်ရသူမှာ ဒေါက်တာ ကမ္ဘောဇဦးခင်လှိုင် ဖြစ်သည်။

သူနှင့်အတူ တခြားစာဆိုတော်ကော်မတီများလည်း ပါလာကြသည်။ ထိုပုဂ္ဂိုလ်များနှင့် တစ်ဦးချင်း မိတ်ဆက်စကားပြောပြီး ဒေါက်တာ ကမ္ဘောဇ ဦးခင်လှိုင်က ပုဂ္ဂိုလ်တစ်ဦးနှင့် မိတ်ဆက်ပေးသည်။

"သူက ဘော်တွင်းသတ္တုတွင်းက ဒုအထွေထွေမန်နေဂျာ ဦးညီပါ။ ဒီကနေ့ ဆရာတို့ ဘော်တွင်းအရောက်သွားရမယ်။ ဒီနေ့ည ဘော်တွင်းမှာ ဟောပြောပွဲရှိတယ်"

ရန်ကုန်က ထွက်လာစဉ်က လားရှိုးတစ်မြို့တည်းသို့ လာခြင်းဖြစ်သည်ဟူသော အမှတ်ဖြင့် ထွက်လာခဲ့ခြင်းဖြစ်သည်။ ယခု လေယာဉ်ပေါ်မှ ဆင်းမှပင် ဘော်တွင်းနှင့် နမ္မတူသို့ ခရီးဆက်ရမည်ကို သိရသည်။ ထိုဒေသ

mgyoe.com